# လုပ်ထုံးလုပ်နည်းအရဖြစ်သော
# အကာအကွယ်များ
# အသိပေးစာ

## မသန်စွမ်းသောဒုက္ခိတများအတွက်
## ပညာရေးအက်ဥပဒေ အပိုင်း ခ
## (IDEA)

2009 ခုနှစ် ဩဂုတ်လ
Missouri ဌာန
အခြေခံပညာမူလတန်းနှင့် အလယ်တန်းပညာရေး

# လုပ်ထုံးလုပ်နည်းအရဖြစ်သော အကာအကွယ်များအကြောင်း အသိပေးစာ

## မသန်စွမ်းသောဒုက္ခိတများအတွက် ပညာရေးအက်ဥပဒေ အပိုင်း ခ (IDEA).

မှတ်ချက် : ခရိုင်ပညာရေးဌာနမှ အချက်အလက်များအားလုံးသည် တာဝန်ရှိသော အင်္ဂလိပ်စာနှင့်လည်း သက်ဆိုင်အကျုံးဝင်သည်။

**မာတိကာ ဇယား**


**အထွေထွေ သတင်းအချက်အလက်များ** ..... 1

ကြိုတင်ရေးသားအသိပေးစာ ..... 1

မိခင်ဘာသာစကား ..... 2

အီလက်ထရောနစ်ပို့စာ ..... 2

မိဘ၏ သဘောတူညီချက် - အနက်ဖွင့်ဆိုချက် ..... 2

မိဘ၏ သဘောတူညီချက် ..... 2

လွှပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုများ ..... 4

**အချက်အလက်များအား လျှို့ဝှက်စောင့်ထိန်းမှု** ..... 6

အနက်ဖွင့်ဆိုချက် ..... 6

တစ်ဦးချင်းစီကို အလွယ်တကူမှတ်မိနိုင်သော ..... 6

မိဘများထံသို့ အသိပေးစာ ..... 6

ရရှိသုံးစွဲနိုင်ရန်အခွင့်အရေးများ ..... 7

ရရှိသုံးစွဲမှု မှတ်တမ်း ..... 7

ကလေးတစ်ယောက်ထက် ပိုသော မှတ်တမ်းများ ..... 7

သတင်းအချက်အလက်များ တည်နေရာများနှင့် အမျိုးအစားများ ..... 7

ပေးသွင်းငွေကြေး ..... 7

မိဘ၏တောင်းဆိုမှုအရ မှတ်တမ်းများကို ပြောင်းလဲပြင်ဆင်ခြင်း ..... 8

ကြားနာဖြေရှင်းမှုအတွက် အခွင့်အရေး ..... 8

ကြားနာဖြေရှင်းမှု လုပ်ထုံးလုပ်နည်းများ ..... 8

ကြားနာဖြေရှင်းမှု ရလဒ် ..... 8

တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိနိုင်သော အချက်အလက်များ ဖွင့်ဟရန် သဘောတူညီချက် ..... 8

အကာအကွယ်များ ..... 9

သတင်းအချက်အလက်များ ဖျက်ဆီးခြင်း ..... 9

**ပြည်နယ်အဆင့် စောဒကတက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း** ..... 9

အထူးကြားနာဖြေရှင်းရန် စောဒကတက်ခြင်း နှင့် ပြည်နယ်အဆင့် စောဒကတက်ရန် လုပ်ထုံးလုပ်နည်းကြား ခြားနားချက်များ ..... 9

ပြည်နယ်အဆင့် စောဒကတက်ရန် လုပ်ထုံးလုပ်နည်းများကို စတင်အသုံးပြုခြင်း ..... 10

အနည်းဆုံးသော ပြည်နယ်အဆင့် စောဒကတက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ..... 10

စောဒကတက်မှုကို တင်သွင်းခြင်း ..... 11

**အထူးစောဒကတက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ** ..... 11

အထူးစောဒကတက်ခြင်းအား တင်သွင်းခြင်း ..... 11

အထူးစောဒကတက်ခြင်း ..... 12

နမူနာ ဖောင်ပုံစံများ ..... 13

ကြားဝင်ညှိနှိုင်းခြင်း ........ 14
ပြဿနာဖြေရှင်းခြင်းဖြစ်စဉ် ........ 15

**အထူးစေ့ဒကာတက်ခြင်းအားကြားနာဖြေရှင်းခြင်း** ........ **16**
ဘက်မလိုက်သော အထူးကြားနာဖြေရှင်းခြင်း ........ 16
ကြားနာဖြေရှင်းမှုဆိုင်ရာ အခွင့်အရေး........ 17
တရားရုံးကြားနာခြင်းမှဆုံးဖြတ်ချက်များ........ 18

**အယူခံဝင်ခြင်းများ** ........ **19**
ဆုံးဖြတ်ချက်များအား နောက်ဆုံးအတည်ပြုခြင်း၊ အယူခံဝင်ခြင်း၊ ဘက်မလိုက်သော ပြန်လှန်သုံးသပ်မှု........ 19
ကြားနာဖြေရှင်းမှုများနှင့် ပြန်လှန်သုံးသပ်မှုများ အဆင်ပြေချောမွေ့ မှုနှင့် အချိန်သတ်မှတ်ချက်များ ........ 19
တရားမ ရေးရာအရေးယူဆောင်ရွက်ချက်များ၊ ယင်းအရေးယူဆောင်ရွက်ချက်များ ကို မှတ်တမ်းတင်ထားသည့် အချိန်ကာလအပါအဝင်........ 19
အထူးစေ့ဒကာတက်ခြင်းနှင့် ကြားနာဖြေရှင်းမှုတို့ ကို ဆိုင်းငံ့ထားစဉ် ကလေးအား အတန်းနေရာချထားပေးမှု........ 20
ရှေ့ နေ ကြေး ........ 21

**မသန်စွမ်းမှုများရှိနေသည့်ကလေးများအားစည်းကမ်းဖောက်ခြင်းနှင့်စပ်လျဉ်းပြီး ပြစ်ဒဏ်ပေးသည့်အချိန် လုပ်ထုံးလုပ်နည်းများ**........ 22
ကျောင်းအဖွဲ့ ၏ အာဏာ ........ 22
စည်းကမ်းပိုင်းဆိုင်ရာများကိုချိုးဖောက်သဖြင့် ထုတ်ပယ်မှုများလုပ်ရသောကြောင့် အတန်းနေရာပြောင်းရွှေ့ ချထားခြင်း ........ 24
အခင်းအကျင်း နေရာကို ဆုံးဖြတ်သတ်မှတ်ခြင်း ........ 25
အယူခံဝင်ခြင်း........ 25
အယူခံများဝင်ရောက်နေစဉ်အတွင်း အတန်းနေရာချထားမှု ........ 26
အထူးပညာသင်ယူရေး နှင့်ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်များ ပြည့်မီမှုမရှိသေးသော ကလေးများအတွက်အကာအကွယ် ...... 26
ဥပဒေတည်စေရေးနှင့် တရားစီရင်ရေး အာဏာပိုင်များသို့ လွှဲပြောင်းခြင်းနှင့် ၄င်းတို့ မှ အရေးယူဆောင်ရွက်ခြင်း........ 27

**ကလေးမိဘများဘက်မှဆန္ဒအရသီးသန့် အတန်းနေရာချထားပေးရန်လိုအပ်ချက်များ**
**အစိုးရကုန်ကျစရိတ်ဖြင့် လည်ပတ်သော** **27**
........

**ကျောင်းများ**
အထွေထွေ........ 27

# အထွေထွေသတင်းအချက်အလက်များ

## ကြိုတင်ရေးသားအသိပေးချက်
## 34 CFR §300.503

**အသိပေးစာ**

သင့်၏ ခရိုင်ပညာရေးဌာနသည် သင့်အား ရေးသားအသိပေးချက်ကို သင့်အားပေးရမည်ဖြစ်သည်( ရေးသားချက်ဖြင့် သင့်အားဆိုင်ရာ သတင်းအချက်အလက်များကို ပေးရမည်)၊ အောက်ပါတို့ ကို ၎င်းမှ စတင်မလုပ်ဆောင်မည် သင့်တင့်မျှတသော အချိန်အတောအတွင်းတွင် ဖြစ်သည်။

1. ၎င်းသည် သင့်ကလေး၏ မှတ်ပုံတင်၊သင့်ကလေးအားအကဲဖြတ်မှု သို့ မဟုတ် ပညာသင်ကြားရေးအတွက် အတန်းနေရာချထားမှုတို့ အား မစတင်မီ သို့ မဟုတ် ပြောင်းလဲပြင်ဆင်မှု ပြုရန်မကမ်းလှမ်းမီ၊ သို့ မဟုတ် သင့်ကလေးအား သင့်လျော်သည့် အခမဲ့ အစိုးရပညာရေး (FAPE) အားထောက်ပံ့ပေးရန် စတင်မကမ်းလှမ်းခင်; **သို့မဟုတ်**
2. ၎င်းသည် သင့်ကလေး၏ မှတ်ပုံတင်၊သင့်ကလေးအားအကဲဖြတ်မှု သို့ မဟုတ် ပညာသင်ကြားရေးအတွက် အတန်းနေရာချထားမှုတို့ အား မစတင်မီ သို့ မဟုတ် ပြောင်းလဲပြင်ဆင်မှု ပြုရန် မငြင်းဆိုမီ၊ သို့ မဟုတ် သင့်ကလေးအား သင့်လျော် သည့် အခမဲ့ အစိုးရပညာရေး (FAPE) အားထောက်ပံ့ပေးရန် မငြင်းဆိုခင် ဖြစ်သည်။

**အသိပေးစာ၏ မာတိကာ**

ရေးသားအသိပေးစာသည် :

1. သင့်၏ခရိုင်ပညာရေးဌာနမှ ဆောင်ရွက်ပေးရန် ကမ်းလှမ်းသည့် သို့ မဟုတ် ငြင်းဆိုလိုက်သည့် အရာ ကို ဖော်ပြရမည်၊
2. သင့်၏ခရိုင်ပညာရေးဌာနက အဘယ်ကြောင့် ယင်းအရာကို ဆောင်ရွက်ပေးရန် ကမ်းလှမ်းသည် သို့ မဟုတ် ငြင်းဆိုလိုက်သည် ဆိုသည်ကိုရှင်းပြရမည်။
3. အကဲဖြတ်မှုလုပ်ထုံးလုပ်နည်းများ၊မှတ်တမ်းများ သို့ မဟုတ် သင့်ခရိုင်ပညာရေးဌာန မှ ဆောင်ရွက်ချက်တစ်ခုအား ကမ်းလှမ်းရန် သို့ မဟုတ် ငြင်းပယ်ရာရန် ဆုံးဖြတ်ရာတွင် အသုံးပြုခဲ့သော အစီရင်ခံစာတစ်ခုစီကို ဖော်ပြပေးရမည်ဖြစ်သည်။
4. IDEA ၏ အပိုင်းခတွင် ပါရှိသော လုပ်ထုံးလုပ်နည်းအရ ဖြစ်သော အကာအ ကွယ်များအရ သင့်တွင် အကာအကွယ်များရှိကြောင်း ဖော်ပြချက်ပါဝင်ရမည်။
5. သင့်၏ ခရိုင်ပညာရေးဌာနမှ ကမ်းလှမ်းသည့် သို့ မဟုတ် ငြင်းဆိုသည့် အရေးကိစ္စ သည်အကဲဖြတ်ရန်အတွက်အစောဦးပိုင်းလွှဲပြောင်းစာမဟုတ်ပါကလုပ်ထုံးလုပ်နည်း အရ အကာအကွယ်များအကြောင်းဖော်ပြချက်များကို သင်မည်သို့ မည်ပုံရရှိ  နိုင်သည်ဆိုသည်ကို ဖော်ပြရမည်။
6. IDEA ၏ အပိုင်းခကို နားလည်နိုင်စေရန် အကူအညီအဖြစ် ဆက်သွယ်ရန် လိုအပ်သည့် ရင်းမြစ်များပါဝင်ရမည်၊
7. သင့်ကလေး၏ တစ်ဦးချင်းအလိုက် ပညာသင်ကြားရေးအစီအစဉ် (IEP) အဖွဲ့ က ထည့်သွင်းစဉ်းစားထားသည့် ရွေးချယ်စရာများနှင့် ယင်းတို့ကို အဘယ်ကြောင့် ပယ်ချခဲ့ရသည် ဆိုသည်ကိုလည်းဖော်ပြရမည်; **နှင့်**
8. သင့်၏ ခရိုင်ပညာရေးဌာနက အဘယ်ကြောင့် ဆောင်ရွက်ပေးရန် ကမ်းလှမ်းသို့ မ ဟုတ် ငြင်းပယ်ခဲ့ရသည် ဆိုသည့် အခြား အကြောင်းပြချက်များ ကိုလည်း ဖော်ပြပေးရမည်။

**နားလည်နိုင်သည့်ဘာသာစကားဖြင့်အသိပေးစာ**

အသိပေးစာအား

1. အထွေထွေလူထုကြီးကနားလည်နိုင်သည့် ဘာသာရပ်ဖြင့် ရေးသားရမည်; **နှင့်**
2. သင့်ရဲ့မိခင်ဘာသာစကားဖြင့်သင့်အား ပေးရမည်။ သို့ မဟုတ် သင်အသုံးပြုနေသည့် အခြားသော ဆက်သွယ်ရေးနည်းလမ်းများကို  အသုံးပြုရန် ရှင်းရှင်းလင်း ဖြစ်နိုင်ပါ က အသုံးပြုရပါမည်။

သင်၏မိခင်ဘာသာစကား သို့ မဟုတ် အခြားဆက်သွယ်ပြောဆိုရေးပုံစံသည် စာဖြင့်ရေးသားဆက်သွယ်ပြောဆိုမှုမဟုတ်ပါက သင့်ခရိုင်ပညာရေးမှူးက အောက်ပါတို့ ကို သေချာအောင်ပြုလုပ်ရမည်။

1. အသိပေးစာအား သင့်အတွက် နှုတ်မှ ဘာသာပြန်ပေးရမည်။သို့ မဟုတ် သင့်မိခင်ဘာသာစကားဖြင့် အခြားနည်းများ သို့ မဟုတ် အခြားပြောဆိုဆက်သွယ်ရေးပုံစံများကို သုံးပေးရမည်။
2. အသိပေးစာ၏ မာတိကာများကို သင်နားလည်ရမည်။ **နှင့်**
3. 1 နှင့် 2 ကိုက်ညီမှုရှိကြောင်း သက်သေအထောက်အထား ရေးသားချက် ရှိရမည်။

# မိခင်ဘာသာစကား

## 34 CFR §300.29

အင်္ဂလိပ်စာကျွမ်းကျင်မှုအကန့်အသတ်ရှိသူတစ်ဦးအတွက် အသုံးပြုရသည့် အချိန်တွင် *မိခင်ဘာသာစကား,* အောက်ပါအတိုင်း ဖြစ်သည်။

1. ယင်းပုဂ္ဂိုလ်မှ ပုံမှန်အသုံးပြုသော ဘာသာစကားဖြစ်ရမည်။ သို့မဟုတ် ထိုသူသည် ကလေးဖြစ်နေပါက ထိုကလေး၏ မိဘများပုံမှန်အသုံးပြုနေသော ဘာသာစကား ဖြစ်ရမည်။
2. ကလေးတစ်ယောက်နှင့် အပြည့်အဝတိုက်ရိုက် ဆက်သွယ်ရာတွင်(ကလေးအားအ ကဲဖြတ်ခြင်းအပါအဝင်) ဘာသာစကားသည် ကလေးပုံမှန်အိမ်တွင် သို့မဟုတ် ပညာသင်ယူနေသော ဝန်းကျင် တွင် အသုံးပြုနေသောဘာသာစကားဖြစ်ရမည်။

မျက်စိမမြင်နိုင်သော သို့မဟုတ် နားမကြားနိုင်သောသူအတွက် သို့မဟုတ် ဘာသာ စကားအရေးအသားမရှိသော သူတစ်ဦးအတွက် ၎င်းနှင့် ပြောဆိုဆက်သွယ်ရေးပုံစံ မှာ ယင်းပုဂ္ဂိုလ် ပုံမှန်အသုံးပြုနေသည့်ပုံစံမျိုးဖြစ်ရမည်( လက်ဟန်ခြေဟန်ပြဘာ သာစကား၊မျက်မမြင်များအသုံးပြုသည့်စကားလုံးပုံစံများ သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ခြင်း)။

# အီးလက်ထရောနစ်ပို့ စာ

## 34 CFR §300.505

သင်၏ခရိုင်ပညာရေးဌာနသည် မိဘများအား စာရွက်စာတမ်းများကို အီးမေးလ်စ နစ်ဖြင့်ရယူနိုင်သည့် ရွေးချယ်ခွင့်ကိုပေးပါက အောက်ပါတို့ ကို သင် အီးမေးလ်ဖြင့် လက်ခံရရှိနိုင်ရန် ရွေးချယ်၍ ရပါသည်။

1. ကြိုတင်ရေးသားအသိပေးစာ
2. လုပ်ထုံးလုပ်နည်းအရအကာအကွယ်များအကြောင်းအသိပေးစာ; **နှင့်**
3. အထူးစောဒကတက်ခြင်းနှင့် ဆက်စပ်သော အသိပေးစာများဖြစ်သည်။

# မိဘ၏ ဆန္ဒ - အနက်ဖွင့်ဆိုခြင်း

## 34 CFR §300.9

**သဘောတူညီချက်**

*သဘောတူညီချက်* ဆိုသည်မှာ

1. သင်သဘောတူညီချက်ပေးထားသည့် အရေးကိစ္စဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး အချက်အလက်များအားလုံးကိုသင့်၏ဘာသာစကားဖြင့်သို့မဟုတ်အခြား ဆက်သွယ် ပြောဆိုရေးပုံစံများ( လက်ဟန်ခြေဟန်ပြဘာသာစကား၊ မျက်မမြင်များ အသုံးပြုသည့် စကားလုံးပုံစံများ သို့မဟုတ်နှုတ်မှပြောဆိုဆက်သွယ်ခြင်းစ သည်)ဖြင့် သင့်အား အပြည့်အဝ သိရှိစေပြီးဖြစ်သည်။
2. သင်သည် ယင်းအရေးကိစ္စဆောင်ရွက်ချက်အား နားလည်သဘောပေါက်ပြီး စာဖြင့် ရေးသားသဘောတူညီပြီး ယင်းသဘောတူညီချက်သည် ယင်းအရေး ကိစ္စ ဆောင်ရွက်ချက်ကို ဖော်ပြပြီး တရားဝင်ထုတ်ပြန်မည်ဖြစ်သည့်မှတ်တမ်းများနှင့် (ရှိခဲ့ပါက) ထုတ်ပြန်ပေးမည့်သူများကို စာရင်းကိုပြုလုပ်ပါသည်။ **နှင့်**
3. ယင်းသဘောတူညီချက်သည် သင့်ဘက်မှ စိတ်ဆန္ဒအရဖြစ်ပြီး မည်သည့် အချိန်တွင်မဆို သင့်သဘောတူညီချက်ကို ပြန်လည်ရုတ်သိမ်းနိုင်သည် ဟု သင်နားလည်ထားသည်။

အကယ်၍ သင့်ကလေးမှ အထူးပညာသင်ကြားရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို စတင်ရယူနေပြီးနောက် သင်က သင့်သဘောတူညီချက်ကို (ဖျက်သိမ်း)လိုလျှင် သင်ရေးသားချက်ဖြင့် ဖျက်သိမ်းရမည်။ သင့်၏ သဘောတူညီချက်အားရုတ်သိမ်းမှုသည် သင့်ဆန္ဒကို ပေးပြီးနောက်နှင့် ယင်းသဘောတူညီချက်ကို မရုတ်သိမ်းမီက ဖြစ်ပေါ်ခဲ့တော့ လုပ်ရပ်ကို (ပျက်ပြယ်)စေမည်မဟုတ်ပါ။ ထို့အပြင် သင်သဘောတူညီချက်ကို ရုတ်သိမ်းပြီးနောက် သင့်ကလေးသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ရရှိခဲ့ကြောင်း အကိုးအကားများအား ဖယ်ရှားရန် ခရိုင်ပညာရေးဌာနမှ သင်ကလေး၏ ပညာရေးမှတ်တမ်းများကို ပြောင်းလဲပြင်ဆင်ရန် မလိုအပ်ပါ။

# မိဘ၏ သဘောတူညီချက်

## 34 CFR §300.300

**အစောဦးပိုင်း အကဲဖြတ်ခြင်းအတွက် သဘောတူညီချက်**

သင့်ကလေးသည် IDEA ၏ အပိုင်းခအရ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှု များရရှိရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ ဆုံးဖြတ်ရန် ပထမဦးစွာ သင့်ကို ဆောင်ရွက်ရန်ကမ်းလှမ်းထားသည့် အကြောင်း ကြိုတင်ရေးသားအသိပေးစာ မပေးပဲ၊ **ကြိုတင်ရေးသားအသိပေးစာ** *နှင့်* ***မိဘ၏ သဘောတူညီချက်*** ဆိုသည့်ခေါင်းစဉ်အောက်မှာ ဖော်ပြထားသည့်အတိုင်း သင့်၏ သဘောတူညီချက်ကို မရရှိပဲ သင့်ကလေးအား အစောဦးပိုင်းအကဲဖြတ်မှုကို ခရိုင်ပညာရေးဌာနမှလုပ်ဆောင်၍ မရပါ။

သင့်ကလေးသည် မသန်စွမ်းမှုများရှိနေသည့်ကလေးဖြစ်သည်၊မဖြစ်သည်ကို ဆုံးဖြတ်ရန် အစောဦးပိုင်း အကဲဖြတ်ခြင်းအတွက် သင့်၏ သိရှိသဘောတူညီချက်ကို ရရှိရန် ခရိုင်ပညာရေးဌာနက ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။

အစောဦးပိုင်းအကဲဖြတ်ခြင်းအတွက် သင့်သဘောတူညီချက်သည် ခရိုင်ပညာရေး ဌာနက သင့်ကလေးအား အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများစတင် ထောက်ပံ့ပေးရန်အတွက်လည်း သဘောတူညီချက် ပေးခြင်းဖြစ်သည် ဟု မဆိုလိုပါ။

အကယ်၍ သင့်ကလေးအား အစိုးရကျောင်းတွင် အပ်နှံပြီးပါက သို့မဟုတ် ယင်း ကျောင်းတွင် သင့်ကလေးအား အပ်နှံရန်ကြိုးပမ်းနေပြီး သဘောတူညီချက် ပေးရန် သင်ငြင်းဆိုထားပါက သို့မဟုတ် အစောဦးပိုင်း အကဲဖြတ်ခြင်းအတွက် သဘောတူ ညီချက်တောင်းခံမှုအား တုံ့ပြန်ရန် ပျက်ကွက်ခဲ့ပါက သင့်ခရိုင်ပညာရေးဌာနသည် မဖြစ်မနေလုပ်ရမည်မဟုတ် သော်လည်း အက်ဥပဒေ၏ ကြားဝင်ညှိနှိုင်းခြင်းသို့ မ ဟုတ် အထူးစောဒကတက်ခြင်း၊ အဖြေရှာဖွေရေး အစည်းအဝေး၊ ဘက်မလိုက်သော အထူးကြားနာဖြေရှင်းမှု လုပ်ထုံးများကို အသုံးပြု၍ သင့်ကလေးအား အစောဦးပိုင်း အကဲဖြတ်စစ်ဆေးမှုလုပ်ရန် ကြိုးပမ်းနိုင်သည်။( ယင်းသို့ ပြုလုပ်ရန်မလိုအပ်တော့ သည့်အခါမျိုးမဟုတ်လျှင် သို့မဟုတ် ပြည်နယ်ဥပဒေအရ ယင်းသို့ ပြုလုပ်ရန် တားမြစ်ထားခြင်းမဟုတ်သည့်အခါ)။ ပြည်နယ်ဥပဒေအရ အစိုးရကျောင်းကအကဲဖြတ်ခြင်းအတွက် ကြိုးပမ်းရန် မလိုအပ်၍ ယင်းအစိုးရကျောင်းသည် သင့်ကလေးအား ဤ အခြေအနေများတွင် အကဲဖြတ်ရန် မကြိုးပမ်းလျှင် သင့်ခရိုင်ပညာရေးဌာနသည် သင့်ကလေးအား ရှာဖွေခွဲခြားမှတ်ပုံတင်ပြီး အကဲဖြတ်သည့် ဝတ္တရားများအား ချိုးဖောက်မည်မဟုတ်ပေ။

**ပြည်နယ်အစိုးရ (သို့ )အခြားအုပ်ထိန်းသူမှ စောင့်ရှောက်ထားရသော ကလေးများအားအစောဦးပိုင်းအကဲဖြတ်ရန်အတွက်အထူးစည်းမျဉ်းများ**

အကယ်၍ ကလေးသည် ပြည်နယ်အစိုးရ(သို့ )အခြားအုပ်ထိန်းသူမှ စောင့်ရှောက်ထားရပြီး ၎င်း၏ မိဘများနှင့်အတူမနေပါက —

ခရိုင်ပညာရေးဌာနသည် ကလေးအား မသန်းစွမ်းမှုရှိသည့် ကလေး ဟုတ်မဟုတ် ဆုံးဖြတ်ရန် အောက်ပါအခြေအနေများတွင် အစောဦးပိုင်းအကဲဖြတ်ဖြင်းအတွက် မိဘထံမှ သဘောတူညီချက်မလိုအပ်ပါ။

1. မိဘထံမှ သဘောတူညီချက်ရရှိရန်ကြိုးပမ်းသော်လည်း ခရိုင်ပညာရေးဌာနသည် ကလေး၏ မိဘများကို ရှာမတွေ့ ခဲ့ပါက
2. ပြည်နယ်ဥပဒေ; **<u>သို့မဟုတ်</u>** အရ မိဘ၏ အခွင့်အရေးများကို ဖျက်သိမ်း ထားခဲ့ပြီးဖြစ်ပါက
3. မိဘအစား အခြားသူတစ်ယောက်ကို တရားသူကြီးက ကလေးအတွက်ပညာရေး ဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ရန်နှင့် အစောဦးပိုင်း အကဲဖြတ်ရေးအတွက် သဘောတူညီချက်ပေးရန် အခွင့်အရေးပေးအပ်ခဲ့ပါက

IDEA တွင် အသုံးပြုသော *Ward of the State,* သည် ကလေးနေထိုင်သည့် ပြည်နယ်အစိုး၏ ဆုံးဖြတ်သတ်မှတ်သည့်ပုံအရ ယင်းကလေးသည်

1. မိဘမဟုတ်ပဲ အခြားသူတစ်ဦး၏ အုပ်ထိန်းမှုဖြင့် နေရသော ကလေးဖြစ်သည်။
2. ပြည်နယ်ဥပဒေ ; **<u>သို့မဟုတ်</u>** အရ ပြည်နယ်အစိုးရက စောင့်ရှောက်ထား သော ကလေးဖြစ်သည်ဟု သတ်မှတ်သည်။
3. အစိုးရ ကလေးသူငယ် စောင့်ရှောက်ရေးဇေဟာ၏ အုပ်ထိန်းမှုအောက်တွင်ရှိ နေသည်။

သင်သိရှိသင့်သည့် ချွင်းချက်တစ်ခုရှိသည်။ *Ward of the State* တွင် IDEA မှ အသုံးပြုသော မိဘကို အနက်ဖွင့်ဆို ချက်အရ ကိုက်ညီမှုရှိသော မိရင်းဘရင်းမဟုတ်သည့် အုပ်ထိန်းသူမိဘရှိသော ကလေးမျိုး မပါဝင်ပါ။

**ဝန်ဆောင်မှုများအတွက် မိဘ၏ သဘောတူညီချက်**

ပထမဆုံးအကြိမ်အဖြစ်သင့်ကလေးအား အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ မထောက်ပံ့မီ ခရိုင်ပညာရေးဌာနသည် သင့်၏ သိရှိသဘောတူညီချက် ကို ရရှိရမည်ဖြစ်သည်။

ပထမဆုံးအကြိမ်အဖြစ်သင့်ကလေးအား အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ မထောက်ပံ့မီ ခရိုင်ပညာရေးဌာနသည် သင့်၏ သိရှိသဘောတူညီချက် ကို ရရှိရန် ကြိုးပမ်းရမည်။

သင့်ကလေး ပထမဆုံးအကြိမ်အဖြစ် အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန် ဆောင်မှုများကိုရယူရန်သင့်၏ သဘောတူညီချက်ကိုတောင်းဆိုမှုအားသင်မ တုန့် ပြန်ပါက သို့မဟုတ် သင်သည် သဘောတူညီချက်ပေးရန် ငြင်းဆိုပါက သို့ မဟုတ် သင်သည်သဘောတူညီချက်ပေးပြီး နောက်ပိုင်းတွင် ရေးသားချက်ဖြင့် ဖျက်သိမ်းပါက ခရိုင်ပညာရေးဌာနသည် သဘောတူညီရေးရရှိရန်အတွက် သို့ မဟုတ် သင့် သဘောတူညီချက်မပါပဲ သင့်ကလေးအား အထူးပညာသင်ကြား ရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအားပေးရန် ဆုံးဖြတ်ချက်ချရန် ၎င်းသည် လုပ်ထုံး လုပ်နည်းအရ အကာအကွယ်များကို( ဥပမာ ကြားဝင်ညှိနှိုင်းရေး၊ အထူးစောဒ ကတက်ခြင်း၊ အဖြေရှာအစည်းအဝေး၊ ဘက်မလိုက်သော အထူးကြားနာဖြေရှင်းရေး စသည်) အသုံးပြုမည်မဟုတ်ပေ။

သင့်ကလေးသည် ပထမဆုံးအကြိမ် အထူးပညာသင်ကြားရေးနှင့်ဆက်စပ်ဝန် ဆောင်မှုကို ရရှိရန် သင်သဘောတူရန် ငြင်းဆန်ပါက သို့မဟုတ် သဘောတူ ညီချက်ပေးရန် တောင်းဆိုမှုကို မတုန့်ပြန်လျှင် သို့မဟုတ် ပေးပြီးနောက် ရေးသား ချက်ဖြင့် ပြန်ရုတ်သိမ်းခဲ့လျှင် ခရိုင်ပညာရေးရုံးသည် သင့်ကလေးအား ၎င်းခွင့်ပြု ချက်တောင်းခံခဲ့သည့် အထူးပညာသင်ကြာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ထောက်ပံ့တော့မည်မဟုတ်ပေ။

1. သင့်ကလေးအား ယင်းဝန်ဆောင်မှုများ မထောက်ပံ့သည့်အတွက် သင့်လျော်သည့် အခမဲ့အစိုးရပညာရေး (FAPE)အား ပေးဝေရန် ဝတ္တရားအား ချိုးဖောက်ရာမကြပါ။ ; **<u>နှင့်</u>**
   သင့်ခွင့်ပြုချက်ကိုတောင်းခံခဲ့တော အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန် ဆောင်မှုတို့ အတွက် တစ်ဦးချင်စီအတွက် ပညာသင်ကြားရေး အစီအစဉ် IEP အစည်းအဝေးကျင်းပရန် သို့မဟုတ် ယင်းအစီအစဉ်ကို ပျိုးထောင်ရန် မလိုအပ်တော့ပါ။

သင့်ကလေးအား အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအား ပေးအပ်ခဲ့ပြီးနောက်ပိုင်း တစ်ချိန်ချိန်တွင် ရေးသားချက်ဖြင့် သင့်သဘောတူညီချက်ကို ဖျက်သိမ်းခဲ့ပါက ခရိုင်ပညာရေးရုံးသည် ယင်းဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးတောမဟုတ်သော်လည်း ယင်းဝန်ဆောင်မှုများကို မရပ်တန့်ခင်တွင် **ကြိုတင်ရေးသားအသိပေးစာ** ဆိုသည့် ခေါင်းစဉ်အရ ဖော်ပြထားသည့်အတိုင်းသင့်ကို ကြိုတင်ရေးသားအသိပေးစာ ပေးမည်ဖြစ်သည်။

**ပြန်လည် အကဲဖြတ်ရေးအတွက် မိဘ၏ သဘောတူညီချက်**

အောက်ပါအတိုင်း ခရိုင်ပညာရေးရုံးက ဖော်ပြထားခြင်းမရှိပါက ၄င်းသည် သင်၏ သိရှိသဘောတူညီချက်ကို ရယူရမည်ဖြစ်သည်။

1. ၄င်းဖော်ပြချက်မှာ -သင့်ကလေးအား ပြန်လည် အကဲဖြတ်ရန် သင့်သဘောတူညီချက်ကို ရရှိရန် အချိန်အတော်ကြာခဲ့သော်
2. သင်ဘက်မှ တုန့်ပြန်မှုမရှိခဲ့သော်

သင့်ကလေးအား ပြန်လည်အကဲဖြတ်ခြင်းအတွက် သဘောတူညီရန် ငြင်းဆိုခဲ့ပါက မဖြစ်မနေမဟုတ်သော်လည်း ခရိုင်ပညာရေးရုံးသည် ကြားဝင်ညှိနိုင်းခြင်း၊ အထူးစောဒကတက်ခြင်း၊အဖြေရှာဖွေရေးအစည်းအဝေးနှင့် ဘက်မလိုက်သော အထူးကြားနာဖြေရှင်းမှုလုပ်ထုံးများကို အသုံးပြု၍ သင့်ကလေအား ပြန်လည်သုံးသပ်ခြင်းကို ဆက်လက်လုပ်ဆောင်နိုင်ပါသည်။သင့်ကလေးအား ပြန်လည်အကဲဖြတ်ရန်အတွက် သင်သဘောတူညီရန် ကန့်ကွက်မှုကို တားဆီးထိန်းချုပ်ရန်ကြိုးပမ်းဖို့ ရန် ဖြစ်သည်။ အစောဦးပိုင်း အကဲဖြတ်ခြင်းကဲ့သို့ ပင် ဤအခြေအနေတွင် ခရိုင်ပညာရေးဌာနသည် ပြန်လည်အကဲဖြတ်ရေးကို ဆက်လက်လုပ်ဆောင်ရန် ကန့်ကွက်လိုက်ပါက ၄င်းသည် IDEA ၏ အပိုင်း ခ အရ တာဝန်ဝတ္တရားများကို ချိုးဖောက်ရာမကြပေ။

**မိဘ၏သဘောတူညီချက်ကိုရရှိရန်သင့်တင့်သောကြိုးပမ်းအားထုတ်မှုပြုသည့်စာရွက်စာတမ်း အထောက်အထားများ**

သင့်၏ ခရိုင်ပညာရေးရုံးသည် အစောဦးပိုင်း အကဲဖြတ်မှုများပြုရန်၊ အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ကို ပထမဆုံးအကြိမ်ထောက်ပံ့ရန် ၊ အစောဦးပိုင်း အကဲဖြတ်မှုများအတွက် အစိုးရမှစောင့်ရှောက်ပေးထားရသော ကလေးများ၏မိဘများကိုရှာဖွေရန်နှင့် ယင်းကလေးအား ပြန်လည်အကဲဖြတ်ရန် သင့်တင့်သော ကြိုးပမ်းမှုများ ပြုလုပ်ကြောင်း စာရွက်စာတမ်းအထောက်အထားများကို ထိန်းသိမ်းထားရမည်။ ယင်းစာရွက်စာတမ်းအထောက်အထားများတွင် အောက်တွင်ပါရှိသော နယ်ပယ်များ၌ ခရိုင်ပညာရေးဌန ၏ ကြိုးပမ်းခဲ့မှုမှတ်တမ်းများ ပါရှိရမည် -

1. ကြိုးပမ်းခဲ့သော တယ်လီဖုန်းခေါ်ဆိုမှုများ နှင့် ယင်းခေါ်ဆိုမှုများ၏ ရလာဒ်များ အသေးစိတ်မှတ်တမ်းများ
2. မိဘများထံသို့ ပေးပို့ခဲ့သော စာများ၏ မိတ္တူများနှင့် ရရှိခဲ့သော တုန့်ပြန်မှုများ ; **နှင့်**
3. မိဘများအိမ်သို့ သွားရောက်ခဲ့ခြင်း သို့ မဟုတ် အလုပ်ခွင်ကို တက်ရောက်ခဲ့ခြင်းနှင့် ယင်းတို့ ၏ရလာဒ်များ၏ မှတ်တမ်းများ

**ဆန္ဒအတွက် အခြားလိုအပ်ချက်များ**

အောက်ပါအတိုင်းသင့်ခရိုင်ပညာရေးဌာနက လုပ်ဆောင်မှုများမပြုခင် သင့်၏ သဘောတူညီချက်ကို မလိုအပ်ပါ။ ယင်းတို့ မှာ

1. သင့်ကလေးအား အကဲဖြတ်ခြင်း သို့ မဟုတ် ပြန်လည်အကဲဖြတ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရှိပြီးသား အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း မပြုခင် ; **သို့မဟုတ်**
2. ကလေးများအားလုံး၏ မိဘများအားလုံးထံမှ သဘောတူညီချက် မလိုအပ်သော အခြေအနေတွင် သင့်ကလေးအား အကဲဖြတ်ခြင်း၊စစ်ဆေးခြင်းမပြုရသေးပါက ကလေးအားလုံးကို ပြုလုပ်ခဲ့သည့် အကဲဖြတ်ခြင်း၊စစ်ဆေးခြင်းတို့ ကို မပြုလုပ်ခင်။

ခရိုင်ပညာရေးဌာနမှ သင် သို့ မဟုတ် သင့်ကလေးအား အခြားရှိသမျှ ဝန်ဆောင်မှု၊ အကျိုးခံစားခွင့် သို့ မဟုတ် ဆောင်ရွက်ပေးမှုတစ်ရပ်ကို ငြင်းပယ်ရန် အလို့ ငှာ ယင်းဝန်ဆောင်မှုနှင့် ဆောင်ရွက်ပေးမှုတစ်ရပ်အတွက် သင်သဘောတူညီရန် ငြင်းဆန်မှုလိုက်မှုအား ခရိုင်ပညာရေးဌာနမှ အသုံးမချရပါ။

သင်သည် သင့်ကလေးအား ပုဂ္ဂလိကကျောင်းတွင် သင့်ကိုယ်ပိုင်ကုန်ကျစရိတ်ဖြင့် ကျောင်းအပ်ထားပြီးဖြစ်လျှင် သို့ မဟုတ် သင့်ကလေးအား သင့်အိမ်တွင်သင် စာသင်လျှင်၊ သင့်ကလေးအား အစောပိုင်းအကဲဖြတ်မှု သို့ မဟုတ် ပြန်လည်အ ကဲဖြတ်မှုပြုလုပ်ရန် သင် သဘောတူညီချက်မပေးထားလျှင် သို့ မဟုတ် သင့်သဘောတူညီချက်ကို တောင်းဆိုချက်အား သင်တုန့်ပြန်ရန် ပျက်ကွက်ပါက ခရိုင်ပညာရေးရုံးမှ ကြားခံညှိနိုင်းခြင်း၊ အထူးစောဓကတက်ခြင်း၊ အဖြေရှာဖွေရေး အစည်းအဝေး သို့ မဟုတ် ဘက်မလိုက်သော အထူးကြားနာဖြေရှင်းမှု) စသည့် အငြင်းပွားခြင်းကို ဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းများကို အသုံးမပြုရပါ။ ထို့ အပြင် ၄င်းသည် ညီမျှသော ဝန်ဆောင်မှုများ( ပုဂ္ဂလိက ကျောင်းများတွင် မိဘများဆန္ဒအရ အပ်နှံထားသော မသန်စွမ်းကလေးငယ်များအား ရရှိနိုင်သည့် ဝန်ဆောင်မှုများ) သင့်ကလေးအားပေးရန် သတ်မှတ်ချက်များ ပြည့်မီသည်ဟု စဉ်းစားရန် မလိုပါ။

# လွတ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုများ

## 34 CFR §300.502

**အထွေထွေ**

အောက်တွင်ဖော်ပြထားသည့်အတိုင်း သင်သည် သင့်ခရိုင်ပညာရေးဌာနမှ ပြုလုပ်ခဲ့သည့် သင့်ကလေးအပေါ် အကဲဖြတ်မှုအား သဘောမတူညီပါက သင့်ကလေးအား လွတ်လပ်သော ပညာရေးဆိုင်ရာအကဲဖြတ်မှု (IEE)ကိုလုပ်ဆောင်ရန် အခွင့်အရေး သင့်ထံတွင်ရှိသည်။

**အနက်ဖွင့်ဆိုချက်များ**

လွတ်လွတ်လပ်လပ်ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်း ဆိုသည်မှာ သင့်ကလေးပညာရေးအတွက် တာဝန်ရှိသော ခရိုင်ပညာရေးဌာနမှ ခန့်အပ်မထားသော အရည်အချင်းပြည့်ဝသည့် စစ်ဆေးသူတစ်ဦးမှ လုပ်ဆောင်သော အကဲဖြတ်မှုကို ဆိုလိုသည်။

*အစိုးရ ကုန်ကျစရိတ်* ဆိုသည်မှာ အက်ဥပဒေ အပိုင်းခနှင့် ကိုက်ညီမှုရှိစေရန် ပြည်နယ်အစိုးရတိုင်းသည် ပြည်နယ်တွင်းရရှိနိုင်သော ပြည်နယ်ပိုင်၊ဒေသပိုင်၊ဖယ်ဒရယ်ဒေသများအပိုင် နှင့် ကိုယ်ပိုင် ထောက်ပံ့မှု ရင်းမြစ်တွေကို အသုံးချပိုင်ခွင့်ရှိစေသော IDEA အပိုင်း ခ ၏ သတ်မှတ်ချက်များနှင့်

အညီ ခရိုင်ပညာရေးဌာနသည် အကဲဖြတ်မှုအတွက် ကုန်ကျစရိတ်အားလုံးကို ပေးခြင်း သို့မဟုတ် သင့်ကလေးအား မည်သည့်ကုန်ကျစရိတ်မျှမရှိစေပဲ အကဲဖြတ်ပေးခြင်း၊

**အစိုးရစရိတ်ဖြင့် အကဲဖြတ်ရန် မိဘများ၏ အခွင့်အရေး**

သင်သည် ခရိုင်ပညာရေးဌာနမှ ပြုလုပ်ခဲ့သည့် သင့်ကလေးအားအကဲဖြတ်မှုကို သဘောမတူပါက အောက်ပါ အခြေအနေများပေါ် မူတည်ပြီး အစိုးရစရိတ်ဖြင့် လွပ်လပ်သောပညာရေးအကဲဖြတ်မှုကို သင်ရရှိပိုင်ခွင့်ရှိသည်။

1. အစိုးရစရိတ်ဖြင့် သင့်ကလေးအား လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုကို တောင်းဆိုပါက ခရိုင်ပညာရေးဌာနက မဆိုင်းမတွပဲဖောက်ပြပါအချက်နှစ်ခုမှ တစ်ခုခုဖြစ်သည့်: (က) ၄င်းသည် သင့်ကလေးအားအကဲဖြတ်မှုမှာ သင့်တော်မှန်ကန်ကြောင်း သက်သေထူရန် ကြားနာဖြေရှင်းမှုတစ်ရပ်အားပြုလုပ်ရန် တောင်းခံသည့် အထူးစာဒကတက်မှုကို တင်သွင်းရမည်။ သို့မဟုတ် (ခ) ခရိုင်ပညာရေးဌာနာက ကြားနာဖြေရှင်းမှုတစ်ရပ်တွင် သင့်ကလေးအား အကဲဖြတ်မှုမှာ ခရိုင်ပညာရေးဌာန၏ စံသတ်မှတ်ချက်များနှင့် မကိုက်ညီခဲ့ပါဟု အတိအလင်း အပြောဆိုခဲ့ပါက ၄င်းသည် လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုတစ်ရပ်ကို အစိုးရစရိတ်ဖြင့်ပြုလုပ်ပေးရမည်။
2. အကယ်၍ ခရိုင်ပညာရေးဌာနာသည် ကြားနာဖြေရှင်းမှုတစ်ရပ်ကို ပြုလုပ်ရန် တောင်းဆိုပြီး နောက်ဆုံးဆုံးဖြတ်ချက်မှာ ခရိုင်ပညာရေးဌာနက သင့်ကလေးအား အကဲဖြတ်မှုမှာ မှန်ကန်သင့်တော်သည်ဖြစ်ကြောင်း ဆိုပါက လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုပြုလုပ်ရန် သင့်ထံတွင် အခွင့်အရေးရှိသေးသည်။ သို့သော် အစိုးရစရိတ်ဖြင့်မဟုတ်တော့ပေ။
3. သင်သည် သင်ကလေးအား လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုပြုလုပ်ရန် တောင်းဆိုပါက ခရိုင်ပညာရေးဌာနက ၄င်း ပြုလုပ်ခဲ့သည့် သင့်ကလေးအား အကဲဖြတ်မှုကို သင်အဘယ်ကြောင့် ကန့်ကွက်ရသည်ကို မေးကောင်းမေးနိုင်သည်။ သို့သော်လည်း ခရိုင်ပညာရေးဌာနသည် ရှင်းပြချက်ကို မလိုအပ်နိုင်ပါ။ပြီးလျှင် ၄င်းသည် သင့်ကလေးအား အစိုးရစရိတ်ဖြင့် လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုတစ်ရပ်ကို ပြုလုပ်ပေးရန် သို့မဟုတ် သင့်ကလေးအား ၄င်း၏ အကဲဖြတ်မှုကို ကာကွယ်ပြောဆိုရန် အထူးကြားနာဖြေရှင်းမှုတစ်ရပ် ကို ပြုလုပ်ရန် အထူးစာဒကတက်ခြင်းကို စတင်ရန် ဆိုင်းတွမနေရပါ။

သင်သည် သင့်ခရိုင်ပညာရေးဌာနမှ သင့်ကလေးအား အကဲဖြတ်မှုကို တစ်ကြိမ်ပြုလုပ်လျှင် သင် သဘောမတူပါက အစိုးရစရိတ်ဖြင့်လွပ်လပ်သော ပညာရေးဆိုင်ရာအကဲဖြတ်မှုပြုလုပ်ရန် တစ်ကြိမ်သာ သင့်ထံတွင် အခွင့်အရေးရှိသည်။

**မိဘများဘက်မှ အစပြုသော အကဲဖြတ်မှုများ**

သင်သည် သင့်ကလေးအား အစိုးရစရိတ်ဖြင့်လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုပြုလုပ်ပါက သို့မဟုတ် သင်သည် သင့်ကလေးအား သင့်ကိုယ်ပိုင်စရိတ်ဖြင့် ပြုလုပ်ထားသော အကဲဖြတ်မှုကို ခရိုင်ပညာရေး ဌာနအား မျှဝေပါက

1. ၄င်းတို့သည် လွပ်လပ်သော ပညာရေးဆိုင်ရာအကဲဖြတ်မှုပြုလုပ်ရန် အတွက် ကိုက်ညီမှုရှိပါက ခရိုင်ပညာရေးရုံးဌာနသည် သင့်ကလေးအား သင့်လျော်သည့် အခမဲ့ အစိုးရပညာသင်ကြားရေး **(FAPE)** ကို ထောက်ပံ့ရေးနှင့် စပ်လျဉ်းပြီး ချမှတ်သော မည်သည့်ဆုံးဖြတ်ချက်တွင်မဆို သင့်ကလေးအားအကဲဖြတ်ခြင်း၏ ရလာဒ်များကိုထည့်သွင်းစဉ်းစားရမည်; **နှင့်**
2. သင်သို့မဟုတ် ခရိုင်ပညာရေးဌာနသည် သင့်ကလေးနှင့်စပ်လျဉ်းပြီး အထူးကြားနာဖြေရှင်းမှုတွင် အကဲဖြတ်မှုအား သက်သေအထောက်အထားအဖြစ် တင်ပြနိုင်သည်။

**ကြားနာဖြေရှင်းရေးအရာရှိများ၏အကဲဖြတ်ရန် တောင်းဆိုမှုများ**

ကြားနာဖြေရှင်းရေးအရာရှိမှ အထူးကြားနာဖြေရှင်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သင့်ကလေးအား လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်းတစ်ရပ်ကို ပြုလုပ်ရန် တောင်းဆိုပါက အကဲဖြတ်ရန် ကုန်ကျစရိတ်သည် အစိုးရကုန်ကျစရိတ်သာဖြစ်မည်။

ခရိုင်ပညာရေးဌာန၏ စံသတ်မှတ်ချက်များ

လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုတစ်ရပ်သည် အစိုးရကုန်ကျစရိတ်ဖြင့် ဆိုပါက စစ်ဆေးသူ၏ အရည်အချင်းပြည့်မီမှုများနှင့် အကဲဖြတ်သည့် နေရာအပါအဝင် အကဲဖြတ်မှုကိုပြုလုပ်ရာတွင် သုံးသည့် စံသတ်မှတ်ချက်များသည် ခရိုင်ပညာရေးဌာနက ၄င်း အကဲဖြတ်မှုကို စတင်ရာတွင် အသုံးပြုသည့် စံသတ်မှတ်ချက်များနှင့် တူညီရမည်( ယင်းစံသတ်မှတ်ချက်များသည် လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုကိုရရှိပိုင်ခွင့်နှင့် ကိုက်ညီသည့် အတိုင်းအတာတစ်ခုအထိ)။

အထက်တွင်ဖော်ပြထားသည့် စံသတ်မှတ်ချက်များ သို့မဟုတ် အချိန်သတ်မှတ်ချက်များမှအပ ခရိုင်ပညာရေးဌာနသည် အစိုးရစရိတ်ဖြင့် ပြုလုပ်သော လွပ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်မှုနှင့် စပ်လျဉ်းသည့် အခြေအနေများကို မိမိတို့သဘောရှိသည်အတိုင်းယူဆ၍ အရပါ။

# အချက်အလက်များအား လျှို့ဝှက်စောင့်ထိန်းမှု

## အနက်ဖွင့်ဆိုချက်များ

### 34 CFR §300.611

**အချက်အလက်များအား လျှို့ဝှက်စောင့်ထိန်းမှု**မည်သည့်ခေါင်းစဉ်အောက်တွင် အသုံးပြုထားသည့်အတိုင်း

- *ဖျက်ဆီးမှု* ဆိုသည်မှာ အချက်အလက်များကို နောက်ထပ်မသိရှိ မမှတ်မိနိုင်စေရန် အချက်အလက်များမှ ကိုယ်ပိုင်လျှို့ဝှက်နံပါတ်စသည်တို့ကို ဖယ်ရှားခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အရ ဖျက်ဆီးခြင်း မည်သည်။
- *ပညာရေး မှတ်တမ်းများ* ဆိုသည်မှာ 34 CFR အပိုင်း 99 ( မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများ နှင့် ကိုယ်ရေးမှတ်တမ်းများလျှို့ဝှက်ကာကွယ်ရေး အက်ဥပဒေ 1974 ခုနှစ်၊ 20 U.S.C 1232g (FERPA) ကို အကောင်အထည်ဖော်သော ထုံးတမ်းဥပဒေများ) တွင်ရှိသော ပညာရေး မှတ်တမ်းများ ဆိုသည့် အနက်ဖွင့်ဆိုချက်အရ အကျုံးဝင်သော မှတ်တမ်းအမျိုးအစား ကိုဆိုလိုသည်။ 1232g (FERPA))
- *ပါဝင်ပတ်သက်နေသော အေဂျင်စီ* ဆိုသည်မှာ IDEA ၏ အပိုင်း ခ အရ သင်းအချက်အလက်များကို စုဆောင်း၊ထိန်းသိမ်းသည် ့သို ့မဟုတ် တစ်သီးချင်းစီကို မှတ်မိခြေရာခံနိုင်သော သတင်းအချက်အလက်များကိုသုံးသော သို ့မဟုတ် ယင်းသတင်းအချက်အလက်များရရှိရာ မည်သည့်ခရိုင်ပညာရေးဌာနများ၊ အေဂျင်စီများ သို့မဟုတ် အဖွဲ့ အစည်းများကိုဆိုလိုသည်။

## အခွင့်အရေးများ ရယူသုံးစွဲမှု

### 34 CFR §300.613

ပါဝင်ပတ်သက်နေသော အေဂျင်စီသည် သင့်အား IDEA အပိုင်း ခ အရ ခရိုင်ပညာ ရေးဌာနမှ စုဆောင်း၊ထိန်းသိမ်း၊ သို့ မဟုတ် အသုံးပြုထားသည့် မည်သည့် ပညာ ရေးဆိုင်ရာ မှတ်တမ်းများကိုမဆို သင့်အား စစ်ဆေး သုံးသပ်ခွင့်ပြုရမည်။ တစ်ဦးချင်းအလိုက် ပညာသင်ကြားရေး အစီအစဉ်( IEP) သို့ မဟုတ် ဘက်မလိုက်သော အထူးကြားနာဖြေရှင်းမှု ( ပြဿနာဖြေရှင်းခြင်း အစည်းအဝေး သို့ မဟုတ် စည်းမျဉ်းများနှင့် ပတ်သက်သည့် ကြားနာဖြေရှင်းမှု အပါအဝင်) နှင့် စပ်လျဉ်းပြီး သင့်ကလေး၏ ပညာရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေး၊ သုံးသပ်ရန် သင့် တောင်းဆိုမှုအား ပါဝင်ပတ်သက်နေသော အေဂျင်စီသည် သင်တောင်းဆိုပြီး နောက် ပြက္ခဒိန်ပါ 45 ရက်ထက်ပိုမကြာရပဲ မဆိုင်းမတွ ပဲ သင့်တောင်းဆိုမှုကို လိုက်နာရမည်ဖြစ်သည်။

ပညာရေးမှတ်တမ်းများအား စစ်ဆေး သုံးသပ်ရန် သင့်အခွင့်အရေးများမှာ၊

1. မှတ်တမ်းများအား ရှင်းလင်းချက်များနှင့် တင်ပြချက်များကို တင်အကျိုးကြောင်းကျကျ တောင်းဆိုမှုကို ပါဝင်ပတ်သက်နေသည့် အေဂျင်စီ မှ တုန့် ပြန်မှုကို ရရှိပိုင်ခွင့်၊
2. အကယ်၍သင်သည်မှတ်တမ်းမိတ္တူများ မရရှိပါပဲယင်းမှတ်တမ်းများကိုထိထိရောက်ရောက်စစ်ဆေးသုံးသပ်ရန်မဖြစ်နိုင်ပါကပါဝင်ပတ်သက်နေသောအေဂျင်စီမှသင့်အား မှတ်တမ်းမိတ္တူများ ထောက်ပံ့ပေးရန် သင်တောင်းဆိုနိုင်ခွင့် **နှင့်**
3. သင့်ကိုယ်စားလှယ်တစ်ဦးအား ယင်းမှတ်တမ်းများကို စစ်ဆေး၊သုံးသပ်ခိုင်းပိုင်ခွင့် များ ဖြစ်သည်။

အုပ်ထိန်းပိုင်ခွင့် သို့ မဟုတ် ကွဲကွာခြင်း နှင့် ကွာရှင်းပြတ်စဲခြင်းများကဲ့သို့ သော ပြဿနာရပ်များကို စီမံသော အကျုံးဝင်သည့် ပြည်နယ်ဥပဒေ အရ သင့်ထံတွင် သင့်ကလေးနှင့် ပတ်သက်သည့် မှတ်တမ်းများအား စစ်ဆေး၊သုံးသပ်ပိုင်ခွင့်မရှိဟု သတ်မှတ်မထားပါက ပါဝင်ပတ်သက်နေသည့် အေဂျင်စီသည် မှတ်တမ်းများကို လေ့လာသုံးသပ်ရန် အခွင့်အာဏာ သင့်ထံတွင်ရှိသည်ဟု ပြောကြားရမည်ဖြစ်သည်။

## ရယူသုံးစွဲခြင်း မှတ်တမ်း

### 34 CFR §300.614

IDEA အပိုင်း ခ အရ အဖွဲ့ ၏နာမည်၊ ရယူသုံးစွဲခွင့်ပေးသည့် နေ့ရက် နှင့် ယင်းအဖွဲ့ အား မှတ်တမ်းများရယူသုံးစွဲရန် ခွင့်ပြုရသည့် ရည်ရွယ်ချက် စသည်တို့ အပါအဝင် ပါဝင်ပတ်သက်နေသည့် အေဂျင်စီသည် စုဆောင်း၊ ထိန်းသိမ်း၊ အသုံးပြုထားသော ပညာရေးမှတ်တမ်းများ ကို ရယူသုံးစွဲခွင့်ရရှိနေသည့် အဖွဲ့ များ၏မှတ်တမ်းကို ထိန်းသိမ်းထားရမည်ဖြစ်သည်။

## တစ်ယောက်ထက်ပိုသော ကလေးများ မှတ်တမ်း

### 34 CFR §300.615

ပညာရေးမှတ်တမ်းတွင် ကလေးများတစ်ယောက်ထက်ပိုပြီး မှတ်းတမ်းများပါဝင်ပါက ၎င်းကလေးများ၏ မိဘများသည် ကလေးများနှင့်စပ်လျဉ်းသောအချက်အလက်များ ကိုသာ စစ်ဆေး၊သုံးသပ်ခွင့်ရှိသည်၊ သို့ မဟုတ် ယင်းအချက်အလက်များကိုသာ သိရှိပိုင်ခွင့်ရှိသည်။

## အချက်အလက် အမျိုးအစားများနှင့် တည်နေရာများစာရင်း

### 34 CFR §300.616

တောင်းဆိုမှုအရ ပါဝင်ပတ်သက်နေသောအေဂျင်စီများတိုင်းသည်စုဆောင်း၊ထိန်း သိမ်း၊ အသုံးပြုထားသော ပညာရေးမှတ်တမ်းများ အမျိုးအစားနှင့် တည်နေရာများ စာရင်းကို သင့်အား ပေးအပ်ရမည်။

## ကြေးများ

### 34 CFR §300.617

IDEA ၏ အပိုင်း ခ အရ သင့်အတွက် ပြုလုပ်ပေးထားသော မှတ်တမ်းမိတ္တူများ အတွက် ငွေကြေးကို သင့်ထံမှတောင်းခံမည်ဖြစ်သည်။ ယင်းတောင်းခံသည့် ငွေကြေးသည် သင့်အား မှတ်တမ်းများကြည့်ရှုရန် သင့်အခွင့်အရေးကို အသုံးပြု ရန်အတွက်သိသိသာသာ အခက်အခဲဖြစ်နေမည်မဟုတ်ပါမှ ကောက်ခံမည် ဖြစ်သည်။

IDEA အပိုင်း ခ အရ အချက်အလက်များ ရှာဖွေရန် သို့ မဟုတ် ပြန်လည်ရယူ ရန်အတွက် ပါဝင်ပတ်သက်သည့် အေဂျင်စီတစ်ခုသည် ငွေကြေးမကောက်ခံရပါ။

## မိဘ၏တောင်းဆိုမှုအရ မှတ်တမ်းများအား ပြောင်းလဲပြင်ဆင်ခြင်း

### 34 CFR §300.618

IDEA ၏ အပိုင်း ခ အရ သင့်ကလေးနှင့် သက်ဆိုင်သည့် စုဆောင်း၊ထိန်းသိမ်း၊ အသုံးပြုထားသည့် ပညာရေးမှတ်တမ်းများတွင်ပါသော အချက်အလက်များသည် မတိကျ၊ လွဲမှား သို့ မဟုတ် သင့်ကလေး၏ ကိုယ်ရေးလျှို့ ဝှက်ချက် သို့ မဟုတ် အခြား အခွင့်အရေးများအား ဖောက်ဖျက်ရာကြနေသည်ဟု သင်ယူဆပါကအချက်အလက်များအား ပြောင်းလဲပြင်ဆင်ပေးရန် ယင်းအချက်အလက်များကို ထိန်းသိမ်းထားသော ပါဝင်ပတ်သက်နေသည့် အေဂျင်စီအား သင်တောင်းဆိုနိုင်သည်။

ပါဝင်ပတ်သက်နေသည့်အေဂျင်စီသည် သင့်တောင်းဆိုချက်အားလက်ခံ ရရှိပြီးသင့်တော်သည့် အချိန် အတိုင်းအတာတစ်ခုအတွင်း သင့်တောင်းဆိုမှုအရ အချက်အလက်များအား ပြင်၊မပြင် စဉ်းစား သုံးသပ်ရမည်ဖြစ်သည်။

အကယ်၍ ပါဝင်ပတ်သက်သည့် အေဂျင်စီသည် သင့်တောင်းဆိုချက်အရ အချက်အ လက်များကို ပြောင်းလဲပြင်ဆင်ရန် ငြင်းဆိုပါက ***ကြားနာဖြေရှင်းရန် အခွင့်အရေး*** ဆိုသည့်ခေါင်းစဉ်အရ သတ်မှတ်ဖော်ပြထားသည့်အတိုင်း ၎င်း သည် သင့်အား ငြင်းဆိုလိုက်သည်ဟု အကြောင်းကြားရမည်ဖြစ်ပြီး ယင်းရည်ရွယ်ချက်အတွက် ကြားနာဖြေရှင်းမှုတစ်ရပ်ပြုလုပ်ရန်တောင်းဆိုပိုင်ခွင့် သင့်ထံတွင်ရှိကြောင်း သင့်အား အကြံပေးရမည်ဖြစ်သည်။

## ကြားနာဖြေရှင်းရန် အခွင့်အရေး

### 34 CFR §300.619

တောင်းဆိုချက်အရ ပါဝင်ပတ်သက်နေသော အေဂျင်စီသည် သင့်ကလေးနှင့် သက်ဆိုင်သည့် ပညာရေးမှတ်တမ်းများတွင် ပါသော အချက်အလက်များ ပြဿနာကို ကြားနာဖြေရှင်းရန် အခွင့်အရေးအားပေါ်ရမည်ဖြစ်သည်။ ယင်းအ ချက်အလက်များ မတိကျ၊လွဲမှား၊ သို့ မဟုတ် သင့်ကလေး၏ ကိုယ်ရေးလျှို့ ဝှက်မှု သို့ မဟုတ် အခြား အခွင့်အရေးများကို ချိုးဖောက်ရ ကျကြောင်း သင့်အတိအလင်း ပြောဆိုနိုင်ရန်အတွက်ဖြစ်သည်။

## ကြားနာဖြေရှင်းမှု လုပ်ထုံးလုပ်နည်းများ

### 34 CFR §300.621

ပညာရေးမှတ်တမ်းများတွင် ပါသော အချက်အလက်များ ပြဿနာအတွက် ကြားနာဖြေရှင်းမှုတစ်ရပ်ကို မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများ နှင့် ကိုယ်ရေးမှတ်တမ်းများလျှို့ ဝှက်ကာကွယ်မှု အက်ဥပဒေ (FERPA) အရ ကြားနာမှုများ အတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ လုပ်ဆောင်ရမည်ဖြစ်သည်။

## ကြားနာဖြေရှင်းမှု ရလာဒ်

### 34 CFR §300.620

ကြားနာဖြေရှင်းမှုရလာဒ်အနေဖြင့် ပါဝင်ပတ်သက်နေသည့်အေဂျင်စီသည် အချက် အလက်များသည် မတိကျ၊လွဲမှား သို့ မဟုတ် ကလေး၏ ကိုယ်ရေးလျှို့ ဝှက်မှု သို့ မ ဟုတ် အခြားအခွင့်အရေးများအား ချိုးဖောက်ရရောက်သည်ဟု ဆုံးဖြတ်လိုက်ပါက တောင်းဆိုချက်များအရ အချက်အလက်များကို ပြောင်းလဲပြင်ဆင်ရမည်ဖြစ်ပြီး သင့်အား ရေးသားချက်ဖြင့်အကြောင်းကြားရမည်ဖြစ်သည်။

ကြားနာဖြေရှင်းမှုရလာဒ်အနေဖြင့် ပါဝင်ပတ်သက်သည့် အေဂျင်စီသည် အချက်အလက်များသည် မတိကျ၊လွဲမှား သို့ မဟုတ် သင့်ကလေး၏ ကိုယ်ရေးလျှို့ဝှက်မှု သို့ မဟုတ် အခြားအခွင့်အရေး များအား ချိုးဖောက်ရာရောက်သည်ဟု ဆုံးဖြတ်ပါက ၎င်းသည် ၎င်းထိန်းသိမ်းထားသည့် သင့်ကလေးအကြောင်း မှတ်တမ်းများတွင် အချက်အလက်များပေါ်တွင် မှတ်ချက် ပေးသည့် အဆိုတစ်ရပ် သို့ မဟုတ် သင့် အဘယ်ကြောင့် ပါဝင်ပတ်သက်နေသည့် အေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့် သဘောမတူညီရသည်ဆိုသည့် အကြောင်းပြချက်များ ကို ထည့်သွင်းခွင့် သင့်ထံတွင်ရှိကြောင်း ၎င်းအေဂျင်စီက သင့်အား အသိပေးရမည်။

သင့်ကလေး၏ မှတ်တမ်းများတွင် ထည့်ထားသော ယင်းကဲ့သို့ ရှင်းလင်းချက်တစ်ခု ကို :

1. ပါဝင်ပတ်သက်နေသောအေဂျင်စီကသင့်ကလေး၏မှတ်တမ်းများသို့ မဟုတ်သင် ကန့် ကွက်ထားသည့်အပိုင်းကို ထိန်းသိမ်းထားသည့်ကာလပတ်လုံးအေဂျင်စီသည် ယင်းမှတ်တမ်းများ၏တစ်စိတ်တစ်ပိုင်းအဖြစ်ထိန်းသိမ်းထားရမည် **နှင့်**
2. ပါဝင်ပတ်သက်နေသည့် အေဂျင်စီသည် သင့်ကလေး၏ မှတ်တမ်းများ သို့ မဟုတ် ပြဿနာရှိနေသည့် အပိုင်းကို မည်သည့် အဖွဲ့ မဆိုအား ဖွင့်ဟပါက ရှင်းလင်း ချက်ကိုလည်း ယင်းအဖွဲ့ သို့ ဖွင့်ဟရမည်ဖြစ်သည်။

## တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိနိုင်သော အချက်အလက်များ ဖွင့်ဟရန် သဘောတူညီချက်

### 34 CFR §300.622

ပညာရေးမှတ်တမ်းများတွင် အချက်အလက်များ မပါဝင်ခဲ့လျှင် ၊ မိသားစုပညာရေး ဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးမှတ်တမ်းများလျှို့ ဝှက်ကာ ကွယ်ရေး အက်ဥ ပဒေ (FERPA) အရ မိဘ၏ သဘောတူညီချက်မပါပဲ ဖွင့်ဟမှုကို လုပ်ပိုင်ခွင့်မရှိလျှင် ပါဝင်ပတ်သက်နေသော အေဂျင်စီများအပြင် တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိနိုင် သော အချက်အလက်များ ကို အခြားအဖွဲ့ များသို့ ပါ ဖွင့်ဟခြင်းမတိုင်မီ သင့်သဘော တူညီချက်ကို ရယူရမည်ဖြစ်သည်။ အောက်တွင် အသေးစိတ်ဖော်ပြထားသည့် အခြေအနေများအတွက်မှ လွဲ၍ IDEA အပိုင်း ခ ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ရည်ရွယ်ချက်များအတွက် တစ်ဦးချင်းအလိုက်ခွဲခြားမှတ်မိနိုင်သော အချက်အလက်များအား ပါဝင်ပတ်သက် နေသော အေဂျင်စီများမှ တာဝန်ရှိသူများထံသို့ တရားဝင်မထုတ်ပြန်သေးခင် သင့်သဘောတူညီချက်ကို မလိုအပ်ပေ။

ပညာရေးမှ လက်တွေ့ ဘဝကူးပြောင်းရေးအတွက် ပြင်ဆင်ပေးမှုများ ထောက်ပံ့ ရာတွင် တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိနိုင်သော အချက်အလက်များအား ပါဝင်ပတ်သက်နေသော အေဂျင်စီများမှ တာဝန်ရှိသူများထံသို့ တရားဝင်မထုတ် ပြန်သေးခင် ပြည်နယ်ဥပဒေအရ အမြင့်ဆုံးသတ်မှတ်ထားသော အရွယ်သို့ ရောက်ရှိ ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကလေး၏ သဘောတူညီချက် သို့မဟုတ် သင့်သဘောတူညီချက်ကိုရယူရမည်ဖြစ်သည်။

သင့်ကလေးသည် သင်နေထိုင်သည့် ခရိုင်ပညာရေးဌာနရှိရာ ဒေသတွင် မရှိသော ပုဂ္ဂလိက ကျောင်းတွင်တက်နေလျှင် သို့ မဟုတ် တက်တော့မည်ဆိုပါက သင်နေ ထိုင်ရာ ဒေသရှိ ခရိုင်ပညာရေး ဌာနာမှ တာဝန်ရှိသူများနှင့် သင့်ကလေးတက် ရောက်မည့် ပုဂ္ဂလိကကျောင်းရှိရာ ဒေသရှိ ခရိုင်ပညာရေးဌာနမှ တာဝန်ရှိ သူများကြားတွင် သင့်ကလေးနှင့် ပတ်သက်သည့် တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိ နိုင်သော အချက်အလက်များအား တရားဝင်မထုတ်ပြန်ခင် သင့်သဘောတူညီချက်အား ရယူရမည်ဖြစ်သည်။

## အကာအကွယ်များ

## 34 CFR §300.623

အချက်အလက်များ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ဖွင့်ဟခြင်း နှင့် ဖျက်စီးခြင်း စသည့် အဆင့်များတွင် ပါဝင်ပတ်သက်နေသည့် အေဂျင်စီတိုင်းသည် တစ်ဦးချင်းအလိုက်ခွဲခြားမှတ်မိနိုင်သော အချက်အလက်များ အား လျှို့ ဝှက်ထိန်းသိမ်းရေး အား ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။

ပါဝင်ပတ်သက်နေသည့် အေဂျင်စီတိုင်းမှ တာဝန်ရှိသူတစ်ဦး တစ်ယောက်စီတိုင်းသည် တစ်ဦးချင်းအလိုက်ခွဲခြားမှတ်မိနိုင်သော အချက်အလက်များ လျှို့ ဝှက်ထိန်းသိမ်းရေးအား သေချာမှုရှိစေရန် တာဝန်ယူရမည်ဖြစ်သည်။

တစ်ဦးချင်းအလိုက်ခွဲခြားမှတ်မိနိုင်သော အချက်အလက်များအား စုဆောင်း သို့ မ ဟုတ် အသုံးပြုသော ပုဂ္ဂိုလ်တိုင်းသည် သင်နေထိုင်ရာ ပြည်နယ်အစိုးရ၏ မူဝါဒများ၊ IDEA အပိုင်း ခ အရ ကိုယ်ရေးအချက်အလက်များ လျှို့ ဝှက်ထိန်းသိမ်းရေးနှင့် မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးမှတ်တမ်းများ လျှို့ ဝှက် ကာကွယ်ရေး အက်ဥပဒေ (FERPA) များအရ လေ့ကျင့် သင်ကြားမှုများ သို့ မဟုတ် သင်ကြားမှုများ ရယူရမည်ဖြစ်သည်။

ပါဝင်ပတ်သက်နေသော အေဂျင်စီတိုင်းသည် ဆိုင်ရာမှတ်တမ်းမှတ်ရာများကို ပြည်သူများ သိရှိရယူနိုင်သည့် ဖြစ်စဉ်အတွက် အေဂျင်စီအတွင်း တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိနိုင်သော အချက်အလက်များကို ရယူသုံးစွဲထားသည့် ဝန်ထမ်းများ၏ အမည်များနှင့် ရာထူးများကို စုဆောင်းထားသည့် လက်ရှိ စာရင်းတစ်ခုကို ထိန်းသိမ်းထားရမည်ဖြစ်သည်။

## အချက်အလက်များအား ဖျက်စီးခြင်း

## 34 CFR §300.624

ခရိုင်ပညာရေးဌာနသည် သင့်ကလေးအား ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးရန် စုဆောင်း၊ ထိန်းသိမ်း၊ အသုံးပြုထားသော သင့်ကလေးနှင့် ပတ်သက်သည့် တစ်ဦးချင်းအလိုက် ခွဲခြားမှတ်မိနိုင်သော အချက်အလက်များအား နောက်ထပ် မလိုအပ်တော့သည့်အချိန်တွင် သင့်အား အကြောင်းကြား အသိပေးရမည်ဖြစ်သည်။

သင်တောင်းဆိုမှုအရ ယင်းအချက်အလက်များအား ဖျက်ဆီးပစ်ရမည် ဖြစ်သည်။ သို့ သော်လည်း သင့်ကလေး၏ အမည်၊နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ သူ သို့ မဟုတ် သူမ၏ အဆင့်များ၊ တက်ရောက်မှုမှတ်တမ်း၊ တက်ရောက်ခဲ့သည့် အတန်းများ၊ ပြီးဆုံးအောင်မြင်ခဲ့သည့် အတန်းများ နှင့် ပြီးဆုံးအောင်မြင်ခဲ့သည့် နှစ်များ စသည့် တည်မြဲ မှတ်တမ်းများအား အချိန်အကန့် အသတ်မရှိ ထိန်းသိမ်းထားရမည်ဖြစ်သည်။

# ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## အထူးစောဒကတက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေ များအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒက တက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကြားကွဲပြား ခြားနားချက်

IDEA အပိုင်း ခ ၏ ထုံးတမ်းဥပဒေများသည် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အထူးစောဒကတက်မှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် ကြားနာဖြေရှင်း မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကို ခွဲခြားသတ်မှတ်ထားသည်။ အောက်တွက်ရှင်းလင်းပြထားသည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီသည် သို့ မဟုတ် အဖွဲ့ အစည်းတစ်ခုချင်းစီသည် ခရိုင်ပညာရေးဌာန၊ ပြည်နယ် ပညာရေး အေဂျင်စီ သို့ မဟုတ် အခြား အစိုးရ အေဂျင်စီများမှ သတ်မှတ်ထားသည့် အပိုင်း ခ ၏ မည်သည့် သတ်မှတ်ချက်များတစ်ခုခုကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲသည့် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုအား တင်သွင်းနိုင်သည်။ သင် သို့ မဟုတ် ခရိုင်ပညာရေးဌာနသည် မသန်စွမ်းမှုရှိနေသည့် ကလေးတစ်ဦး အား ဖစ်ဖြစ်ခွဲခြားမှတ်ပုံတင်မှု၊ ပညာရေးဆိုင်ရာ အကဲဖြတ်မှု သို့ မဟုတ် ပညာရေးဆိုင်ရာ အတန်းနေရာ ချထားပေးမှု သို့ မဟုတ် သင့်လျော်သည့် အခမဲ့ အစိုးရပညာရေး (FAPE) ကို ထောက်ပံ့ပေးမှု စသည်တို့ နှင့် စပ်လျဉ်းပြီး စတင်ရန် သို့ မဟုတ် ပြောင်းလဲပြင်ဆင်ရန် အဆိုပြုခြင်း သို့ မဟုတ် ငြင်းဆန်ခြင်းတို့ နှင့် သက်ဆိုင်သည့် ပြဿနာများတွင်သာ အထူးစောဒက တက်မှုကို တင်သွင်းနိုင်သည်။ ပြည်နယ် ပညာရေး အေဂျင်စီ၏ တာဝန်ရှိသူများသည် ပြက္ခဒိန် ပါ ရက် 60 စာ အချိန်သတ်မှတ်ချက်အတွင်း ယင်းအချိန်သတ်မှတ်ချက်ကို မှန်မှန်ကန်ကန် အချိန်ထပ်မတိုးထားပဲ ပုံမှန်အတိုင်း ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုတစ်ခုကို ဖြေရှင်းရမည့် အချိန်တွင် ဘက်မလိုက်သည့် အထူးကြားနာဖြေရှင်းရေး အရာရှိ သည် အထူးစောဒကတက်မှု တစ်ရပ်ကို ကြားနာရမည်ဖြစ်သည် (ကြားခံညှိနှိုင်း ဖြေရှင်းမှုမှတဆင့် သို့ မဟုတ် ပြဿနာဖြေရှင်းခြင်းအစည်းအဝေးတစ်ခုမှတဆင့် မဖြေရှင်းနိုင်လျှင်) သင့် တောင်းဆိုမှု အရ သို့ မဟုတ်

ခရိုင်ပညာရေးဌာန၏ တောင်းဆိုမှုအရ အချိန်သတ်မှတ်ချက်အား ထပ်မံတိုးချဲ့ ရန် အမှုကြားနာရေး အရာရှိမှ ခွင့်ပြုချက်မပေးလျှင် ပြဿနာဖြေရှင်းခြင်း ဖြစ်စဉ်ဆိုသည့် ခေါင်းစဉ်အရ ဤစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း ပြဿနာဖြေရှင်းခြင်း ကာလပြီးနောက် ပြက္ခဒိန် ပါ 455 ရက် ကာလအတွင်း ရေးသားထားသည့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ရမည်ဖြစ်သည်။ ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတတက်မှုနှင့် အထူးစောဒကတတက်မှု ၊ ပြဿနာဖြေရှင်းခြင်းနှင့် ကြားနာဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ အား အောက်တွင် အစုံအလင် ဖော်ပြထားသည်။ အောက်တွင် **နမူနာ ဖောင်ပုံစံများ** ဆိုသည့် ခေါင်းစဉ်အောက်တွင်ဖော်ပြထားသည့် အတိုင်း သင့်အား အထူးစောဒကတတက်မှုတစ်ရပ်ကို စတင်နိုင်ရန် နှင့် သင် ဖြစ်စေ၊ အခြားအဖွဲ့ အစည်းများအားဖြစ်စေ ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတတက်မှုတစ်ရပ်ကို တင်သွင်းနိုင်ရန် အကူအညီအနေဖြင့် ပြည်နယ်ပညာရေး အေဂျင်စီသည် နမူနာ ဖောင်ပုံစံများအား ပြုလုပ်ရမည်ဖြစ်သည်။

# ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတတက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား စတင်အသုံးပြုခြင်း

## 34 CFR §300.151

**အထွေထွေ**

ပြည်နယ်ပညာရေး အေဂျင်စီတိုင်းသည် အောက်ပါ လုပ်ထုံးလုပ်နည်းအရ ဖြစ်သော ရေးသားချက်များ ရှိရမည် -

1. အခြားပြည်နယ်မှ လူပုဂ္ဂိုလ်တစ်ဦး သို့ မဟုတ် အဖွဲ့ အစည်းတစ်ခုမှ တင်သွင်းသည့် စောဒကတတက်မှုတစ်ရပ်အပါအဝင် မည်သည့် စောဒကများကိုမဆို ဖြေရှင်းခြင်း၊
2. ပြည်နယ် ပညာရေးအေဂျင်စီနှင့် စောဒကတတက်မှုတစ်ရပ်ကို တင်သွင်းခြင်း၊
3. မိဘများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် အချက်အလက်များ ပေးဝေရေး စင်တာများ၊ အကာအကွယ်နှင့် အသိသညာပေးအေဂျင်စီများ၊ ကိုယ်ထူကိုယ်ထ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စင်တာများ နှင့် အခြား သင့်လျော်သည့် သီးခြား ဌာနာ များ အကြောင်းအပါအဝင် မိဘများ နှင့် အခြားစိတ်ဝင်စားသော လူပုဂ္ဂိုလ်များထံသို့ ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတတက်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်းကို မျှဝေပေးခြင်း၊

**သင့်လျော်သည့် ဝန်ဆောင်မှုများအားငြင်းပယ်ခြင်းအတွက် ဖြေရှင်းရန် နည်းလမ်းများ**

ပြည်နယ်ပညာရေး အေဂျင်စီသည် သင့်လျော်သည့် ဝန်ဆောင်မှုများပေးရန် ပျက်ကွက်ခဲ့ကြောင်းဆိုသည့် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတတက်မှုတစ်ရပ်ကို ဖြေရှင်းရာတွင် ပြည်နယ် ပညာရေးဆိုင်ရာ အေဂျင်စီသည် အောက်ပါ တို့ ကို ဖြေရှင်းရမည် :

1. ( နစ်နာမှုအတွက် ပြန်လည် ပေးဆပ်သော ဝန်ဆောင်မှုများသို့ မဟုတ် ငွေရေးကြေးရေးဆိုင်ရာ အရ ပြန်လည်ပေးဆပ်ခြင်း ကဲ့သို့ သော) ကလေး၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် သင့်လျော်သော အမှားကိုပြန်လည်ပြင်ဆင်သည့် လုပ်ဆောင်ချက် အပါအဝင် သင့်လျော်သည့် ဝန်ဆောင်မှုများကို ထောက်ပံ့ရန် ပျက်ကွက်မှုအား ဖြေရှင်းခြင်း ; **နှင့်**
2. မသန်စွမ်းမှုများရှိနေသည့် ကလေးများအားလုံးအတွက် အနာဂတ်တွင် သင့်တော်သည့် ထောက်ပံ့မှုမျာ လုပ်ဆောင်ပေးခြင်း။

# အနည်းဆုံးသော ပြည်နယ်အဆင့်စောဒကတတက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

## 34 CFR §300.152

**အချိန်အကန့် အသတ် ၊ အနည်းဆုံးသော လုပ်ထုံးလုပ်နည်းများ**

ပြည်နယ်ပညာရေး အေဂျင်စီတိုင်းသည် ၎င်း၏ အနည်းဆုံးသော ပြည်နယ်အဆင့် စောဒကတတက်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် စောဒကတတက်မှုကို အောက်ပါလုပ်ငန်းစဉ်များလုပ်ဆောင်ရန် တင်သွင်းပြီးနောက် ပြက္ခဒိန်ပါ ရက် 60 အချိန်ကန့် သတ်ချက်ပါဝင်ရမည်။

1. ပြည်နယ် ပညာရေး အေဂျင်စီက စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ရန် လိုအပ်သည်ဟု ဆုံးဖြတ်လျှင် ပြဿနာဖြစ်ရာ နေရာတွင်ပင်လျှင် လွပ်လပ်သော စုံးစမ်းစစ်ဆေးမှုကို ဆောင်ရွက်ခြင်း၊
2. စောဒက တက်သူအား စေဒကတတက်မှုတွင် စွပ်စွဲချက်များနှင့် စပ်လျဉ်းပြီး နှုတ်ဖြင့် ဖြစ်စေ ၊ ရေးသားချက်ဖြင့် ဖြစ်စေ နောက်ထပ် အချက်အလက်များအား တင်သွင်းခွင့် ပြုခြင်း၊
3. အနည်းဆုံး (က) အေဂျင်စီ၏ ရွေးချယ်မှုအရ စောဒကတတက်မှုအား ဖြေရှင်းရန် ကမ်းလှမ်းချက်တစ်ရပ် **နှင့်** (ခ) စောဒကတတက်မှုကို တင်သွင်းခဲ့သည့် မိဘ အတွက် အေဂျင်စီနှင့် နစ်ဖက်မှ စိတ်ဆန္ဒအရ ဆန္ဒရစေရန် ကြားဝင်ညှိနိုင်း ဖြေရှင်းပေးခြင်းအခွင့်အရေး အပါအဝင် ခရိုင်ပညာရေးဌာန သို့ မဟုတ် အခြား အစိုးရ အေဂျင်စီများအား စောဒကတတက်မှုကို တုန့် ပြန်ရန် အခွင့်အရေးပေးခြင်း၊
4. ခရိုင်ပညာရေးဌာန သို့ မဟုတ် အခြားအစိုးရအေဂျင်စီသည် IDEA အပိုင်း ခ ၏ သတ်မှတ်ချက်များကို ချိုးဖောက်နေခြင်း ဟုတ်မဟုတ် ဆက်စပ်ရာ အချက်အ လက်များကို သုံးသပ်စစ်ဆေးပြီး လွပ်လပ်မှုတသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရမည်ခြင်း၊ **နှင့်**
5. (က) မှန်ကန်သော အချက်အလက်များနှင့် ကောက်ချက်များကို ရှာဖွေခြင်း **နှင့်** (ခ) ပြည်နယ်ပညာရေး အေဂျင်စီ၏ နောက်ဆုံး ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များ စသည့် တို့ ပါဝင်ပြီး စောဒကတတက်မှုတွင် ပါဝင်သော စွပ်စွဲချက်တစ်ခုစီတိုင်း ကို ဖြေရှင်းပေးသည့် ရေးသားဆုံးဖြတ်ချက်အား စောဒကတတက်သူထံသို့ ထုတ်ပြန်ပေးခြင်း။

**အချိန်ကာလအား တိုးချဲ့မှု - နောက်ဆုံး ဆုံးဖြတ်ချက် - အကောင်အထည်ဖော်ခြင်း**

အထက်တွင်ဖော်ပြထားသော ပြည်နယ်ပညာရေး အေဂျင်စီ၏ လုပ်ထုံးလုပ်နည်းများတွင် အောက်ပါအတိုင်း ဖြစ်ရမည်။

1. (က) သက်ဆိုင်ရာ အနည်းဆုံးသော ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်ခြင်းနှင့် စပ်လျဉ်းပြီး ချွင်းချက် အခြေအနေများရှိနေလျှင်သော်လည်းကောင်း၊ **သို့ မဟုတ်** (ခ) မိဘ နှင့် ခရိုင်ပညာရေးဌာန သို့ မဟုတ် ပါဝင်ပတ်သက်ရသော အခြား အစိုးရ အေဂျင်စီတို့ သည် ကြားဝင်ညှိနှိုင်းဖြေရှင်းခြင်း သို့ မဟုတ် အခြားသော အငြင်းပွားမှုကို ဖြေရှင်းသည့် နည်းလမ်းများ မှတဆင့် ပြဿနာကို ဖြေရှင်းရန် အချိန်ကို တိုးချဲ့ ရန် နှစ်ဖက်မှ စိတ်ဆန္ဒအရ သဘောတူညီခဲ့လျှင် သော်လည်ကောင်း ပြည်နယ်ပညာရေး အေဂျင်စီသည် ပြက္ခဒိန် ရက်၆၀ စာ အချိန် သတ်မှတ်ချက်ကို တိုးချဲ့ ရန် ခွင့်ပြုမည်။

2. လိုအပ်ပါက (က) နည်းစနစ်ကျကျ ထောက်ပံ့ကူညီပေးသည့် လုပ်ငန်းစဉ်များ၊ (ခ) စေ့စပ်ညှိနှိုင်းမှုများ၊ **နှင့်** (ဂ) စည်းမျဉ်း ဥပဒေများ နှင့် ပြန်လည်ကိုက်ညီမှုရှိစေရန် အမှားကိုပြန်လည်ပြင်ဆင်သည့် လုပ်ရပ်များ စသည်တို့ အပါအဝင် ပြည်နယ် ပညာရေး အေဂျင်စီ၏ နောက်ဆုံး ဆုံးဖြတ်ချက်အား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်သည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ရမည်။

**ပြည်နယ်အဆင့်စောဒကတက်မှုများနှင့် အထူးကြားနာဖြေရှင်းမှုများ**

အောက်တွင်ပါရှိသည့် ***အထူးကြားနာမှုတစ်ရပ်အားတင်သွင်းခြင်း*** ဆိုသည့် ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း အထူးကြားနာဖြေရှင်းမှု တစ်ရပ်၏ အဓိကအကြောင်းအရာဖြစ်သည့် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်ရေးသားချက်တစ်ခုအား ရရှိလျှင် သို့ မဟုတ် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်း သည့် စောဒကတက်မှုတွင် ကြားနာဖြေရှင်းမှုတစ်ရပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်ရှိနေသော ပြဿနာအကြောင်းရပ်များ တစ်ခုနှင့် အထက်ပါ ဝင်နေပါက ကြားနာဖြေရှင်းမှုပြီးဆုံးသည်အထိ အထူးကြားနာ ဖြေရှင်းမှုတွင် ပြည်နယ်အစိုးရသည် ပြည်နယ်အစိုးရအဆင့်စောဒကတက်မှုကို သို့ မဟုတ် ဖြေရှင်းနေသည့် ယင်းစောဒကတက်မှု၏ မည်သည့်အပိုင်းကိုမဆို ဘေးဖယ်ထား ရမည် ဖြစ်သည်။ ယင်းစောဒကတက်မှုတွင် ပါဝင်သော မည်သည့် အကြောင်းအရာမဆိုအထူးကြား နာဖြေရှင်းမှု၏ အပိုင်းမဟုတ်ပါကငှင်းတို့ ကို အထက်တွင်ဖော်ပြခဲ့သောအချိန်သတ် မှတ်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ ဖြေရှင်းပေးရမည်ဖြစ်သည်။

ပြည်နယ်အဆင့်စပ်လျဉ်းသည့် စောဒကတက်မှုတစ်ရပ်တွင်ပါရှိသော အကြောင်းအ ရာတစ်ရပ်အား အုပ်စုနှစ်ဖက်အပါအဝင်(သင်နှင့် ခရိုင်ပညာရေးဌာန) အထူးကြားနာ ဖြေရှင်းမှုတစ်ရပ်တွင် ယခင်ကတည်းက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဆိုပါက ယင်းအကြောင်းအရာနှင့် စပ်လျဉ်းပြီး ကြားနာဖြေရှင်းမှုထံမှ ယင်းဆုံးဖြတ်ချက်အား လက်ခံရမည်ဖြစ်ပြီး ပြည်နယ်ပညာရေး အေဂျင်စီသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရမည်ဖြစ်ကြောင်း စောဒကတက်သူကို အသိပေးကြောင်းကြား ရမည် ဖြစ်သည်။

အထူးကြားနာဖြေရှင်းမှုထံမှ ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ရန် ခရိုင်ပ ညာရေးဌာန သို့ မဟုတ် အခြားအစိုးရ အေဂျင်စီမှ ပျက်ကွက်သည်ကြောင်း စွပ်စွဲသည့် စောဒကတက်မှုအား ပြည်နယ်ပညာရေး အေဂျင်စီမှ ဖြေရှင်းရမည်ဖြစ်သည်။

# ပြည်နယ်အဆင့် စောဒကတက်မှု တင်သွင်းခြင်း

## 34 CFR §300.153

လူပုဂ္ဂိုလ်တစ်ဦး သို့ မဟုတ် အဖွဲ့ အစည်းတစ်ခုသည် အထက်တွင် ဖော်ပြထား သည့် လုပ်ထုံးလုပ်နည်းများအရ လက်မှတ်ထိုးထားသော ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှု ရေး သားချက်ကို တင်သွင်းနိုင်သည်။

ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုတွင် အောက်ပါတို့ ပါဝင်ရမည်။

2. IDEA အပိုင်း ခ ၏ သတ်မှတ်ချက် သို့ မဟုတ် 34 အပိုင်း 300 တွင် ပါရှိသော အကောင်အထည်ဖော်သော ထုံးတမ်းဥပဒေများကို ခရိုင်ပညာရေးဌာန သို့ မဟုတ် အစိုးရအေဂျင်စီများက ချိုးဖောက်ခဲ့သည်ဆိုသော အဆိုပြုချက်တစ်ခု။
3. ယင်းအဆိုပြုချက်ကို အောက်ပါအချက်အလက်များပေါ်တွင် အခြေတည်ရမည်။
4. စောဒကတက်မှုကို တင်သွင်းသည့် ဘက်အတွက် လက်မှတ်နှင့် ဆက်သွယ်ရန် အချက်အလက်များ နှင့်
5. သက်ဆိုင်ရာ ကလေးနှင့် စပ်လျဉ်းပြီး ချိုးဖောက်မှုများရှိသည်ဟု စွပ်စွဲလာလျှင် :
    a) ကလေး၏ အမည်နှင့် ကလေးနေထိုင်ရာကို ဖော်ပြသော နေရပ်လိပ်စာ၊
    b) ကလေးတက်ရောက်နေသော ကျောင်း၏အမည်၊
    c) အိမ်ခြေရာခြေမဲ့ ကလေး သို့ မဟုတ် လူငယ်တစ်ဦးဆိုပါက ယင်းကလေး၏ ရရှိနိုင်သော ဆက်သွယ်ရန် အချက်အလက်များ နှင့် ကလေးတက်ရောက်နေသော ကျောင်း၏ အမည်၊
    d) ပြဿနာနှင့် စပ်လျဉ်းသည့် အချက်အလက်များအပါအဝင် ကလေးနှင့် သက်ဆိုင်သည့် ပြဿနာ၏ သဘောသဘာဝကို ဖော်ပြချက်၊; **နှင့်**
    e) စောဒကတက်မှုကိုတင်သွင်းသည့်အချိန်တွင် စောဒကတက်မှုကို တင်သွင်းခဲ့သော ဘက်မှ သိရှိနိုင်သလောက်နှင့် ရရှိနိုင်လောက်သော ပြဿနာကို ဖြေရှင်းနိုင်ရန် အကြံပြုထားသော ဖြေရှင်းချက်။

**ပြည်နယ်အဆင့်စောဒကတက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအားစတင်အ သုံးပြုခြင်း** ဆိုသည့် ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်းစောဒက တက်မှုကို လက်ခံရရှိသည့်နေ့ မတိုင်မီတစ်နှစ်အတွင်း ဖြစ်ပွားခဲ့သောချိုး ဖောက်မှု တစ်ရပ်ကို စွပ်စွဲရမည်။

ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုကို တင်သွင်းသည့် ဘက်သည် ပြည်နယ် ပညာရေး အေဂျင်စီသို့ စောဒကတက်မှုကို ၄င်းတင်သွင်းသည်နှင့် တစ်ပြိုင်နက် ကလေးအား ဝန်ဆောင်မှု
ပေးနေသည့်ခရိုင်ပညာရေးဌာနသို့ မဟုတ်အစိုးရအေဂျင်စီသို့ စောဒကတက်သည့် ရေးသားချက် မိတ္တူကို ပေးပို့ ရမည်။

# အထူးစောဒကတက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## အထူးစောဒကတက်မှုကို တင်သွင်းခြင်း
## 34 CFR §300.507

**အထွေထွေ**

သင် သို့ မဟုတ် ခရိုင်ပညာရေးဌာနသည် ကလေးအား ဖစ်မြစ်ခွဲခြားမှတ်ပုံတင်ခြင်း၊ ပညာရေးဆိုင်ရာ အကဲဖြတ်ခြင်း သို့ မဟုတ် အတန်းနေရာချထားပေးခြင်း သို့ မဟုတ် သင့်လျော်သည့် အခမဲ့ အစိုးရပညာရေးဝန်ဆောင်မှု (FAPE) ပေးခြင်းကို စတင်ရန် သို့ မဟုတ် ပြောင်းလဲပြင်ဆင်ရန် အဆိုပြုခြင်း သို့ မဟုတ် ငြင်းဆန်ခြင်းတို့ နှင့် သက်ဆိုင်သည့် ပြဿနာများတွင်သာ အထူးစောဒက တက်မှုကို တင်သွင်းနိုင်သည်။
အထူးစောဒကတက်ခြင်းတွင် သင် သို့ မဟုတ် ခရိုင်ပညာရေးဌာနသည် အထူးစော ဒကတက်မှု၏ အစကိုဖြစ်ပေါ်စေသော ထင်မြင်စွပ်စွဲစရာ လုပ်ဆောင်ချက်ကို မသိ ရှိခဲ့ခင် သို့ မဟုတ် သိရှိခဲ့ရကောင်းမှန်း မသိခင် နှစ်နှစ်အတွင်းဖြစ်ပျက်ခဲ့သောချိုး ဖောက်မှုကို စွပ်စွဲရမည်။

အကယ်၍ သင်သည် အထူးစောဒကတက်ခြင်းကို ယင်းအချိန်သတ်မှတ်ချက်အ တွင်း မတင်သွင်းနိုင်ပါက အထက်တွင်ပါရှိသော အချိန်သတ်မှတ်ချက်မှာသင့်အ တွက် အကျုံးမဝင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် :

1. ခရိုင်ပညာရေးဌာနသည် စောဒကတက်မှုတွင် ပြဿနာကို ဖြေရှင်းပြီးဖြစ်သည်ဟု လွဲမှားစွာ တင်ပြခဲ့သည့်အတွက်ကြောင့် **သို့ မဟုတ်**
2. ခရိုင်ပညာရေးဌာနသည် IDEA အပိုင်း ခ အရ သင့်အား ထောက်ပံ့ရန် လိုအပ်သည့် အချက်အလက်များကို ပေးအပ်ရန် ငြင်းဆန်ခဲ့သည့် အတွက် ကြောင့်ဖြစ်သည်။

**မိဘများအတွက် အချက်အလက်များ**

သင်သည် အချက်အလက်များကို တောင်းဆိုခဲ့လျှင် **သို့ မဟုတ်** သင် သို့ မဟုတ် ခရိုင်ပညာရေးဌာနမှ အထူးစောဒကတက်မှုကို တင်သွင်းခဲ့လျှင် ခရိုင်ပညာရေးဌာနသည် ယင်းဒေသတွင် ရရှိနိုင်သည့် အခမဲ့ သို့ မဟုတ် အကုန်အကျနည်းသော ဥပဒေနှင့် အခြား ဆက်စပ်ဝန်ဆောင်မှုများအကြောင်းကို သင့်အား အသိပေးအကြောင်းကြားရမည်။

## အထူးစောဒကတက်မှု
## 34 CFR §300.508

**အထွေထွေ**

ကြားနာဖြေရှင်းမှုတစ်ရပ်ကို တောင်းဆိုရန်အလို့ ငှာ သင် သို့ မဟုတ် ခရိုင်ပညာ ရေးဌာနသည်( သင့် ရှေ့နေ သို့ မဟုတ် ခရိုင်ပညာရေးဌာနရှေ့နေ) အခြား တစ်ဖက်သို့ အထူးစောဒကတက်လွှာကို ပေးပို့ရမည်။ စောဒကတက်လွှာတွင် အောက်တွင် စာရင်းပြုထားသော မာတိကာများအားလုံးပါဝင်ရမည်ဖြစ်ပြီး လျှို့ ဝှက်ထိန်းသိမ်းထားရမည်။
သင်သို့မဟုတ် ခရိုင်ပညာရေးဌာနတွင် မည်သူကစောဒကတက်မှုကိုတင်သွင်းသည်ဖြစ်စေ ထိုသူသည်ပြည်နယ်ပညာရေးအေဂျင်စီကို စောဒကတက်လွှာ၏ မိတ္တူတစ်ဆောင်ကို ပေးပို့ ရမည်။

**စောဒကတက်လွှာ၏ မာတိကာများ**

အထူးစောဒကတက်လွှာတွင် အောက်ပါတို့ ပါရှိရမည်။

1. ကလေး၏ အမည်၊
2. ကလေးနေထိုင်ရာ နေရပ်လိပ်စာ၊
3. ကလေးတက်နေသောကျောင်း၏ နာမည်၊
4. အကယ်၍ ကလေးသည် အိမ်ခြေရာခြေမဲ့ကလေး သို့ မဟုတ် လူငယ်ဖြစ်နေပါက ကလေး၏ ဆက်သွယ်ရန် အချက်အလက်နှင့် ကလေးတက်နေသော ကျောင်း၏နာမည်၊
5. ပြဿနာနှင့် ပတ်သက်သော အကြောင်းအချက်များအပါအဝင် ကမ်းလှမ်းသော သို့ မဟုတ် ငြင်းပယ်သော လုပ်ရပ်များနှင့် စပ်လျဉ်းသော ပြဿနာ၏ သဘောသဘာ-ကို ဖော်ပြချက်၊ **နှင့်**
6. လက်ရှိ စောဒကတက်နေသော ဘက်မှ ရရှိနိုင်ပြီး သိရှိနိုင်သလောက် အကြံပြုထားသော ပြဿနာ ဖြေရှင်းချက်။

**အထူးစောဒကတက်မှုနှင့် စပ်လျဉ်းပြီး ကြားနာဖြေရှင်းချက်တစ်ရပ်မတိုင်မီ လိုအပ်သော အသိပေးစာ**

သင်သို့ မဟုတ်ခရိုင်ပညာရေးဌာနသည်အထက်တွင်စာရင်းပြုထားသော အချက်အ လက်များ ပါဝင်သော အထူးစောဒကတက်မှုတစ်ရပ်ကို မတင်သွင်းခဲ့ပါကသင်သို့ မ ဟုတ် ခရိုင်ပညာရေးဌာနသည်(သင့်ရှေ့ နေသို့ မဟုတ်ခရိုင်ပညာရေးဌာနမှရှေ့ နေ) အထူးကြားနာဖြေရှင်းမှုတစ်ရပ်ကို ရရှိနိုင်မည်မဟုတ်ပါ။

**စောဒကတက်မှု၏ နိုင်လုံမှု**

အထူးစောဒကတက်မှုတစ်ရပ်ကို ဆက်လက်အကောင်အထည်ပေါ် စေရန်အလို့ငှာ ၎င်းအား ပြည့်စုံသည်ဟု စဉ်စားမှ ရမည်ဖြစ်သည်။ အထူးစောဒကတက်လွှာအား လက်ခံရရှိသော အဖွဲ့ သည် (သင်သို့ မဟုတ် ခရိုင်ပ ညာရေးဌာန) စောဒကတက်လွှာလက်ခံရရှိပြီး ပြက္ခဒိန်ပါ 15 ရက်အတွင်းအထူး စောဒကတက်လွှာသည် အထက်တွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် မကိုက်ညီဟု ကြားနာဖြေရှင်းရေးအရာရှိနှင့် အခြားတစ်ဖက်မှ အဖွဲ့ အား ရေးသား ချက်ဖြင့် အသိပေးအကြောင်းကြားခြင်းမပြုပါက အထူးစောဒကတက်မှုသည်နိုင်လုံ သည်ဟု စဉ်းစားပါမည်( အထက်တွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီသည်)။

အသိပေးအကြောင်းကြားစာကို ရရှိပြီး ပြက္ခဒိန်ပါ 5 ရက် အတောအတွင်း စောဒ ကတက်လွှာကို လက်ခံရရှိသော တစ်ဖက်မှ အဖွဲ့ ့သည် (သင်သို့ ့မဟုတ်ခရိုင်ပ ညာရေးဌာနာ) အထူးစောဒကတက်လွှာမှာ နိုင်လုံမှုမရှိဟု စဉ်းစားလျှင်အမှုကြား နာရေးအရာရှိက ယင်းစောဒကတက်လွှာမှာ အထက်တွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ အား စဉ်းစားဆုံးဖြတ်ပြီး သင်နှင့် ခရိုင်ပညာ ရေးဌာနအား ရေးသားချက်ဖြင့် ချက်ချင်း အသိပေးအကြောင်းကြားရမည်ဖြစ်သည်။

**စောဒကတက်မှုအားပြင်ဆင်ပြောင်းလဲမှု**

အောက်ပါအခြေအနေများအရ သင် သို့ မဟုတ် ခရိုင်ပညာရေးဌာနသည် စောဒက တက်မှုအား ပြင်ဆင်ပြောင်းလဲကောင်းပြောင်းလဲနိုင်သည်။

1. **ပြဿနာဖြေရှင်းခြင်းဖြစ်စဉ်၊သို့ မဟုတ်** ဆိုသည့် ခေါင်းစဉ်တွင်ဖော်ပြထား သည့် အတိုင်း အခြားတစ်ဖက်မှ အဖွဲ့ သည် ရေးသားချက်ဖြင့် ပြောင်းလဲမှုများကို သဘောတူပြီး ပြဿနာဖြေရှင်းခြင်း အစည်းအဝေးမှတဆင့် အထူးစောဒကတက်မှု အား ဖြေရှင်းရန် အခွင့်အရေး ပေးခံခဲ့ရပါက
2. အထူးစောဒကတက်မှုအား ကြားနာဖြေရှင်းခြင်းမစတင်မီ 5 ရက်ထက် နောက်မကျ ပဲကြားနာဖြေရှင်းရေးအရာရှိကပြောင်းလဲပြင်ဆင်မှုများအတွက်ခွင့်ပြုချက်ပေးခဲ့လျှင်

စောဒကတက်သော အဖွဲ့ သည် ( သင် သို့ မဟုတ် ခရိုင်ပညာရေးဌန) အထူးစော ဒကတက်မှုအား ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ခဲ့လျှင် ပြဿနာ ဖြေရှင်းခြင်း အစည်းအဝေးအတွက် အချိန်သတ်မှတ်ချက်များ ( စောဒကတက်လွှာအား ရရှိပြီးနောက် ပြက္ခဒိန်ပါ 15 ရက် အတွင်း) နှင့် ပြဿနာဖြေရှင်းခြင်းအတွက် ကြာချိန်သည် (စောဒကတက်လွှာအား ရရှိပြီးနောက် ပြက္ခဒိန်ပါ ရက် 30 အတွင်း) ပြင်ဆင်ပြောင်းလဲလိုက်သည့် စောဒကတက်မှုအား တင်သွင်းသည့်နေ့ ပြန်လည်မှုစတင်မည်ဖြစ်သည်။

**ဒေသတွင်း ပညာရေး အေဂျင်စီ (LEA) သို့ မဟုတ် ခရိုင်ပညာရေးဌာနမှ အထူးစောဒကတက်မှုတစ်ရပ်သို့တုန့် ပြန်ချက်**

If the school district has not sent a prior written notice to you, as described under the heading ***Prior Written Notice,*** regarding the subject matter contained in your due process complaint, the school district must, within 10 calendar days of receiving the due process complaint, send to you a response that includes:

1. ခရိုင်ပညာရေးဌာနသည် အဘယ်ကြောင့် အထူးစောဒကတက်မှုတွင်တင်ပြထား သော လုပ်ဆောင်ချက်တစ်ရပ်ကို ကမ်းလှမ်း သို့ မဟုတ် ငြင်းပယ်ခဲ့ရသည်ကို ရှင်းလင်းချက်၊
2. သင့်ကလေး၏ တစ်ဦးချင်းအလိုက် ပညာသင်ကြားရေး အစီအစဉ် (IEP) အဖွဲ့ က စဉ်းစားခဲ့သော အခြားရွေးချယ်မှုများနှင့် အဘယ်ကြောင့် ယင်းရွေးချယ်မှုများကို ငြင်းပယ်ခဲ့ရသည်ကို ဖော်ပြချက်တစ်ရပ်၊
3. ခရိုင်ပညာရေးဌာနမှ ကမ်းလှမ်းခဲ့သော သို့ မဟုတ် ငြင်းပယ်ခဲ့သော လုပ်ဆောင်ချက်တစ်ရပ်အတွက် အခြေခံအဖြစ် အသုံးပြုခဲ့သော အကဲဖြတ်မှု လုပ်ထုံးလုပ်နည်းများ၊ သုံးသပ်မှု၊ မှတ်တမ်း သို့ မဟုတ် အစီရင်ခံစာ စသည်တို့ ကို ဖော်ပြချက်၊ **နှင့်**
4. ခရိုင်ပညာရေးဌာန၏ ကမ်းလှမ်းခဲ့သောသို့ မဟုတ်ငြင်းပယ်ခဲ့သောလုပ်ဆောင်ချက် နှင့် ဆက်နွယ်သည့် အခြား အကြောင်းအချက်အလက်များကို ဖော်ပြချက်။

အထက်တွင်ဖော်ပြထားသော အချက် 1 မှ 4 တွင်ပါသော အချက်အလက်များအား ထည့်သွင်းပေးခြင်းသည် ခရိုင်ပညာရေးဌာနမှ သင့်စောဒကတက်မှုသည် နိုင်လုံမှုမရှိဟု အတိအလင်းပြောကြားနိုင်မှုအား အတားအဆီး မဖြစ်စေပါ။

**အထူးစောဒကတက်မှုတစ်ရပ်သို့အခြားတစ်ဖက်မှ အဖွဲ့ ၏ တုန့် ပြန်ချက်**

**ဒေသတွင်း ပညာရေး အေဂျင်စီ (LEA) သို့ မဟုတ် ခရိုင်ပညာရေးဌာနမှ အထူးစောဒကတက်မှုတစ်ရပ်သို့တုန့် ပြန်ချက်** ဆိုသည့် အထက်တွင်ပါရှိသော ခေါင်းစဉ်ခွဲတွင် ဖော်ပြထားသည်အတိုင်းမှ အပ အထူးစောဒကတက်လွှာကို လက်ခံရရှိခဲ့သော တစ်ဖက်အဖွဲ့ မှ စောဒကတက်မှုအားလက်ခံရရှိပြီး ပြက္ခဒိန်ပါ 10 ရက် အတွင်း အခြားတစ်ဖက်မှ အဖွဲ့ သို့ စောဒကတက်မှုတွင်ပါဝင်သော ပြဿနာ ရပ်များကို အသေးစိတ် ဖြေရှင်းပေးသည့် တုန့် ပြန်ချက်တစ်ရပ်ကို ပေးပို့ ရမည် ဖြစ်သည်။

# နမူနာ ဖောင်ပုံစံများ

## 34 CFR §300.509

သင့်အား အထူးစောဒကတက်မှုတစ်ရပ်ကို စတင်နိုင်ရန် နှင့် သင် ဖြစ်စေ၊ အခြားအ ဖွဲ့ အစည်းများအားဖြစ်စေ ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအားချိုး ဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုတစ်ရပ်ကို တင်သွင်းနိုင်ရန် အကူအ ညီအနေဖြင့် ပြည်နယ်ပညာရေး အေဂျင်စီသည် နမူနာ ဖောင်ပုံစံများအား ပြုလုပ်ရ မည်ဖြစ်သည်။ သို့ သော် ယင်းနမူနာဖောင်ပုံစံများအား သင့်ပြည်နယ်အစိုးရ သို့ မဟုတ်ခရိုင်ပညာ ရေးဌာနသည် မလိုအပ်ပါ။ အမှန်စင်စစ်အားဖြင့် ယင်းနမူနာဖောင်ပုံစံတွင် အထူးစောဒကတစ်မှုတစ်ရပ် သို့ မဟုတ် ပြည်နယ်အစိုးရ ပညာရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် စောဒကတက်မှုတစ်ရပ်ကို တင်သွင်းရန် လိုအပ်သော အချက်အလက်များ ပါဝင်နေသည်ကာလပတ်လုံး သင်သည် ၎င်းနမူနာဖောင်အား သို့ မဟုတ် အခြားသင့်တော်ရာ နမူနာဖောင်ပုံကို အသုံးပြုနိုင်သည်။ နမူနာဖောင်ပုံစံများ ရရှိရန် အောက်ပါတို့ ကို သင်လုပ်ဆောင်နိုင်သည်။

1. http://www.dese.mo.gov/divspeced/Complaint_System/index.htm ၏ ဝက်ဘ်ဆိုက်မှ ဒေါင်းလုပ်ဆွဲယူနိုင်သည်။
2. (573) 751-0602 တွင် Missouri အခြေခံပညာမူလတန်းနှင့် အလယ်တန်း ပညာရေးဌာနသို့ ခေါ်ဆိုနိုင်သည်။

# ကြားဝင်ညှိနှိုင်းခြင်း

## 34 CFR §300.506

**အထွေထွေ**

အထူးစောဒကတက်မှုတစ်ရပ်ကို မတင်သွင်းမီ ဖြစ်ပေါ်လာသော ပြဿနာရပ်များ အပါအဝင် IDEA အပိုင်း ခ အရ မည်သည့်ပြဿနာရပ်နှင့် ပတ်သက်နေသည့် သဘောထားကွဲလွဲမှုများကိုမဆို ဖြေရှင်းရန် ပြည်နယ်ပညာရေး အေဂျင်စီသည် ကြားဝင်ညှိနှိုင်းခြင်းအား သင်နှင့် ခရိုင်ပညာရေးဌာနတို့ ရရှိအသုံးပြုနိုင်အောင် ခွင့်ပြုပေးရမည်။ သို့ဖြစ်ပါ၍ ***အထူးစောဒကတက်မှုတစ်ရပ်အားတင်သွင်းခြင်း*** ဆိုသည့် ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း သင်သည် အထူးကြားနာဖြေရှင်းမှုတစ်ရပ်ကို တောင်းခံရန် အထူးစောဒကတက်မှုတစ်ရပ်အား တင်သွင်းထားခဲ့သည့် ဖြစ်စေ၊ မထားခဲ့သည်ဖြစ်စေ IDEA အပိုင်း ခ အရ ကြားဝင်ညှိနှိုင်းခြင်းသည် အငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်ရန် အသုံးပြုနိုင်ရမည်ဖြစ်သည်။

**သတ်မှတ်ချက်များ**

လုပ်ထုံးလုပ်နည်းများသည် ကြားဝင်ညှိနှိုင်းခြင်းအား အောက်ပါအတိုင်း အသေအချာဖြစ်စေရမည်။

1. ကြားဝင်ညှိနှိုင်းမှုသည် သင်ဘက်မှရော ခရိုင်ပညာရေးဌာနမှရော စိတ်ဆန္ဒအရသာ ဖြစ်ရမည်။
2. ကြားဝင်ညှိနှိုင်းမှုအား အထူးကြားနာဖြေရှင်းမှုတစ်ရပ်ကိုရရှိနိုင်သော သင့်အခွင့် အရေး သို့ မဟုတ် IDEA အပိုင်း ခ အရ သင့်ရသင့်ရထိုက်သော မည်သည့်အခွင့် အရေးကိုမဆို ငြင်းပယ်ရန် အသုံးမပြုပါ၊ **နှင့်**
3. ကြားဝင်ညှိနှိုင်းမှုကို ထိရောက်သော ကြားဝင်ညှိနှိုင်းရေး နည်းစနစ်များကို လေ့ကျင့်သင်ကြားပေးထားသော အရည်အချင်းပြည့်ဝပြီး ဘက်မလိုက်သည့် ကြားဝင်ညှိနှိုင်းရေးမှူးများမှ လုပ်ဆောင်ရမည်။

ကြားဝင်ညှိနှိုင်းမှုအား တောင်းဆိုရန် ရေးသားချက်ဖြင့် တောင်းဆိုချက်ကို အောက်ပါတို့ ထံပေးပို့ ရမည်။

Missouri အထူးပညာရေးကဏ္ဍ၏ အခြေခံပညာမူလတန်းနှင့် အလယ်တန်း
ပညာရေးဌာန/စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်းဆိုင်ရာ ရုံးခွဲ
PO Box 480
Jefferson City, MO 65102-0480

ခရိုင်ပညာရေးဌာနသည် ကြားဝင်ညှိနှိုင်းခြင်းဖြစ်စဉ်အား အသုံးမပြုရန် ရွေးချယ်သည့် ကျောင်းများနှင့် မိဘများကို အဆင်ပြေနိုင်မည့် နေရာနှင့် အချိန်တွင် အောက်ပါ ဘက်လိုက်မှုမရှိသောအဖွဲ့ တစ်ဖွဲ့ နှင့်တွေ့ ဆုံရန် အခွင့်အရေးကို ပေးသည့် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပေးရမည်။

1. အငြင်းပွားမှုများအတွက် သင့်လျော်သည့် အခြားအဖြေနည်းလမ်းများဖြင့် အဖြေ ရှာရေးသီးခြားဌာနတစ်ခုနှင့် စာချုပ်ချုပ်ဆိုထားသည့် အဖွဲ့၊ သို့မဟုတ် ပြည်နယ်အ တွင်းရှိ မိဘများလေ့ကျင့်သင်ကြားပေးရေးနှင့် သတင်းအချက်အ လက်စင်တာ သို့မဟုတ် မိဘများအတွက် လိုအပ်သည့်ရင်းမြစ်များထောက်ပံ့ပေးသည့်စင်တာ၊ **နှင့်**
2. သင့်ထံသို့ ကြားဝင်ညှိနှိုင်းခြင်းဖြစ်စဉ်၏ အကျိုးကျေးဇူးများကို ရှင်းပြပြီး ယင်းဖြစ်စဉ်ကို အသုံးပြုရန်အားပေးတိုက်တွန်းသည့်အဖွဲ့ ။

ပြည်နယ်သည် အရည်အချင်းပြည့်မီသည့်ကြားဝင်ညှိနှိုင်းသူများနှင့် အထူးပညာရေးနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများ ထောက်ပံ့မှုနှင့်ပတ်သက်သည့် ဥပဒေနှင့်စည်းမျဉ်းများ သိကျွမ်းသူများ၏ စာရင်းအား ရှိရပါမည်။ ပြည်နယ်ပညာရေးဆိုင်ရာအေဂျင်စီသည် အရေးကြုံသလို၊ အလှည့်ကျ၊ သို့မဟုတ် ဘက်မလိုက်သည့်အခြားအခြေခံတရားများဖြင့် ကြားဝင်ညှိနှိုင်းသူများအား ရွေးချယ်ရပါမည်။

ပြည်နယ်အစိုးရသည် အစည်းအဝေးကုန်ကျစရိတ်များအပါအဝင် ကြားဝင်ညှိ နှိုင်းခြင်းဖြစ်စဉ်၏ ကုန်ကျစရိတ်အတွက် တာဝန်ရှိပါသည်။

ကြားဝင်ညှိနှိုင်းခြင်းဖြစ်စဉ်၏ အစည်းအဝေးတစ်ခုစီအား တိကျသည့်အချိန်ဇယားအား ဆွဲရမည်ဖြစ်ပြီး သင်နှင့် ခရိုင်ပညာရေးဌာနအတွက် အဆင်ပြေသည့်နေရာတွင် ကျင်းပပေးရပါမည်။

သင်နှင့် ခရိုင်ပညာရေးဌာနသည် အငြင်းပွားမှုအား ကြားဝင်ညှိနှိုင်းခြင်း ဖြစ်စဉ်အား ဖြင့် ဖြေရှင်းလျှင် အဖွဲ့နှစ်ဖွဲ့လုံးသည် တရားဥပဒေအရလက်ခံရမည့်ပြဿနာ ဖြေရှင်းချက်ဖြစ်သော သဘောတူညီချက်ကို ရောက်ရှိရမည်ဖြစ်ပြီး ယင်းသဘောတူညီချက်သည် :

1. ကြားဝင်ညှိနှိုင်းခြင်းဖြစ်စဉ်အတွင်း ဖြစ်ပျက်ခဲ့သည့် ဆွေးနွေးချက်အားလုံးကို လျှို့ဝှက်ထိန်းသိမ်းထားရမည်ဖြစ်ပြီး မည်သို့သော နောက်ဖြစ်လာသည့် အထူးကြားနာဖြေရှင်းခြင်း သို့မဟုတ် တရားမအမှုအား တရားခွင်တွင်ရင်ဆိုင်ဖြေရှင်းခြင်း (တရားရုံးကိစ္စ)တွင် သက်သေအနေဖြင့် အသုံးပြုမည်မဟုတ်ကြောင်း ဖော်ပြချက်ပါရှိရမည် **နှင့်**
2. ခရိုင်ပညာရေးဌာနအား ဝတ္တရားရှိသည့်အတိုင်းလုပ်ဆောင်စေရန် လုပ်ပိုင်ခွင့် အာဏာရှိသူဖြစ်သည့် ခရိုင်ပညာရေးဌာန၏ကိုယ်စားလှယ်တစ်ဦးနှင့် သင် နှစ်ဦးလုံး လက်မှတ်ထိုးထားရမည်။

ရေးသားပြီးလက်မှတ်ထိုးထားသည့် ကြားဝင်ညှိနှိုင်းခြင်းသဘောတူညီချက်အား တရားဥပဒေနှင့်အညီဆုံးဖြတ်ချက်ချရန်အခွင့်အာဏာရှိသည့်မည်သည့် ပြည်နယ်တ ရားရုံးတွင်မဆို (ပြည်နယ်ဥပဒေအရ ဤကဲ့သို့သောဖြစ်ရပ်အား ကြားနာရန် အခွင့် အာဏာရှိသည့် တရားရုံး) သို့မဟုတ် အမေရိကန်နိုင်ငံ၏ခရိုင်တရားရုံးတွင် မဖြစ်မနေဆောင်ရွက်ရမည်။

ကြားဝင်ညှိနှိုင်းခြင်းဖြစ်စဉ်အတွင်း ဖြစ်ပျက်ခဲ့သည့်ဆွေးနွေးချက်များအား လျှို့ဝှက်ထားရမည်။ ၄င်းတို့အား မည်သို့သောဆက်လက်ဖြစ်ပေါ်သည့် အထူးကြားနာဖြေရှင်းခြင်းတွင် ဖြစ်စေ၊ မည်သို့သောဖယ်ဒရယ်တရားရုံးတွင် ဖြစ်စေ ၊ IDEA ၏ ဥပဒေအပိုင်း(ခ) အရ အကူအညီရရှိရန် ပြည်နယ်တစ်ခု၏ ပြည်နယ်တရားရုံးတွင် တရားမရေးရာ တရားခွင်ရင်ဆိုင်ဖြေရှင်းခြင်းတွင်ဖြစ်စေ သက်သေအနေဖြင့် အသုံးပြု၍ မရပါ။

**ကြားဝင်ညှိနှိုင်းသူ၏ဘက်လိုက်မှုမရှိခြင်း**

ကြားဝင်ညှိနှိုင်းသူသည် :

1. ပြည်နယ်ပညာရေးအေဂျင်စီ သို့မဟုတ် သင့်ကလေး၏ပညာရေးစောင့် ရှောက်ခြင်း တွင် ပါဝင်သည့် ခရိုင်ပညာရေးဌာန၏ ဝန်ထမ်းမဖြစ်ရပါ၊ **နှင့်**
2. ကြားဝင်ညှိနှိုင်းသူ၏ရည်ရွယ်ချက်နှင့် ကွဲလွဲသည့်ကိုယ်ပိုင် သို့မဟုတ် အသက်မွေး ဝမ်းကျောင်းပိုင်းဆိုင်ရာ စိတ်ဝင်စားမှု မရှိရပါ။

တစ်နည်းဆိုရသော် ကြားဝင်ညှိနှိုင်းသူအဖြစ်အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်သည် ခရိုင်ပညာရေးဌာ သို့မဟုတ် ပြည်နယ်အေဂျင်စီ၏ ဂန်ထမ်းမဟုတ်ပါ။အဘယ့် ကြောင့်ဆိုသော် သူ/သူမအား အေဂျင်စီ သို့မဟုတ် ခရိုင်ပညာရေးဌာနမှ ကြားဝင်ညှိနှိုင်းသူအဖြစ်လုပ်ဆောင်ရန် အခကြေးငွေပေးခြင်းကြောင့်ဖြစ်ပါသည်။

# <u>ပြဿနာဖြေရှင်းခြင်းဖြစ်စဉ်</u>

## 34 CFR §300.510

ပြဿနာဖြေရှင်းခြင်းအစည်းအဝေး

သင်၏အထူးစောဒကတက်မှုအကြောင်း အသိပေးစာရရှိသည့် ပြက္ခဒိန်ပါ 15 ရက် အတွင်း၊ နှင့် အထူးကြားနာဖြေရှင်းခြင်း မစတင်မီတွင် ခရိုင်ပညာရေးဌာနသည် သင်နှင့် သင့်လျော်သောအဖွဲ့ဝင် သို့မဟုတ် တဦးချင်းအလိုက်ပညာသင်ကြားရေး အစီအစဉ် (IEP) အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည့် သင်၏အထူးစောဒကတက်မှုတွင် ထုတ်ဖော်ထားသောအချက်အလက်များအကြောင်း သိရှိထားသူများနှင့် အစည်းအဝေးပြုလုပ်ရန် စီစဉ်ပေးရမည်။ အစည်းအဝေးတွင် -

1. ခရိုင်ပညာရေးဌာနကိုယ်စား ဆုံးဖြတ်ချက်ချမှတ်ရန်အာဏာရှိသူဖြစ်သည့် ခရိုင်ပညာရေးဌာနကိုယ်စားလှယ်တစ်ဦး ပါဝင်ရပါမည်၊ <u>**နှင့်**</u>
2. သင့်ထံတွင် ရှေ့နေတစ်ဦးပါမလာပါက ခရိုင်ပညာရေး အဖွဲ့ မှလည်းရှေ့နေ မခေါ်ရပါ။

သင်နှင့် ခရိုင်ပညာရေးဌာနသည် IEP အဖွဲ့မှ သင့်တော်သည့်အဖွဲ့ဝင်များအား အစည်းအဝေးသို့တက်ရောက်ရန် ဆုံးဖြတ်ရသည်။

အစည်းအဝေး၏ရည်ရွယ်ချက်မှာ သင့်အတွက်ဖြစ်ပြီး သင်၏အထူးစောဒကတက်ခြင်းနှင့် ၎င်းစောဒကတက်ခြင်း၏အခြေခံဖြစ်ပေါ်စေသည့်အချက်အလက်များကို ဆွေးနွေးရန်ဖြစ်သည့်။ ဤသို့ဖြင့် ခရိုင်ပညာရေးဌာနသည် ပဋိပက္ခအားဖြေရှင်းရန် အခွင့်အရေးရှိမည်ဖြစ်သည်။

ပြဿနာဖြေရှင်းခြင်းအစည်းအဝေးအား လိုအပ်မည်မဟုတ်ပါ အကယ်၍-

1. သင်နှင့် ခရိုင်ပညာရေးဌာနသည် အစည်းအဝေးမပြုလုပ်ရန် သဘောတူရေးသားခဲလျှင်၊<u>**သို့မဟုတ်**</u>
2. သင်နှင့် ခရိုင်ပညာရေးဌာနသည် **ကြားဝင်ဖြေရှင်းခြင်း** ခေါင်းစဉ် အောက်တွင် ဖော်ပြထားသည့်အတိုင်း ကြားဝင်ဖြေရှင်းခြင်းဖြစ်စဉ်အသုံးပြုရန် သဘောတူရသည်။

**ပြဿနာဖြေရှင်းချိန်ကာလ**

ခရိုင်ပညာရေးဌာနသည် အထူးစောဒကတက်ခြင်းသတိပေးစာရရှိပြီး ပြက္ခဒိန်ပါ ရက် 30 အတွင်း (ပြဿနာဖြေရှင်းခြင်းဖြစ်စဉ် လုပ်ဆောင်ရသည့်အချိန်ကာလ အတောအတွင်း) သင်ကျေနပ်သည်အထိ အထူးစောဒကတက်ခြင်းအား ဖြေရှင်းပြီးခြင်းမရှိခဲ့လျှင် အထူးကြားနာဖြေရှင်းခြင်း ရှိလာမည်ဖြစ်သည်။

**တရားရုံးကြားနာခြင်းမှဆုံးဖြတ်ချက်များ**ဆိုသည့်ခေါင်းစဉ်တွင်ဖော်ပြ ထား သည့်အတိုင်း အထူးကြားနာဖြေရှင်းခြင်း နောက်ဆုံး ဆုံးဖြတ်ချက် ထုတ်ပြန်မည့် ပြက္ခဒိန်ပါရက် 45 စာ ကာလသည် အောက်တွင်ဖော်ပြထား သည့်အတိုင်း ပြက္ခ ဒိန်ပါရက် 30 ကြာသည့် ပြဿနာဖြေရှင်းချိန်ကာလအတွင်း ချိန်ညှိမှုများပြုလုပ်ရန် ချွင်းချက်များအပါအဝင် ပြက္ခဒိန်ပါရက် 30 ကြာသည့်ပြဿဖြေရှင်း ချိန်ကာ လကုန်ဆုံးသည့်အချိန်မှ စတင်မည်ဖြစ်သည်။

သင်နှင့် ခရိုင်ပညာရေးဌာန နှစ်ဖွဲ့လုံးသည် ပြဿနာဖြေရှင်းခြင်းဖြစ်စဉ် မပြုလုပ်ရန် သို့မဟုတ် ကြားဝင်ညှိနှိုင်းခြင်းအသုံးပြုရန် သဘောတူထားသည့်နေရာမှ လွဲ၍ ပြဿနာဖြေရှင်းခြင်းအစည်းအဝေးသို့ ပါဝင်ရန် သင်၏ပျက်ကွက်ခြင်းသည် အစည်းအဝေးကျင်းပသည့်အချိန်တိုင်အောင် ပြဿနာဖြေရှင်းခြင်းဖြစ်စဉ်နှင့် အထူးကြားနာဖြေရှင်းခြင်းအတွက် အချိန်သတ်မှတ်ချက်များအား ကြန့်ကြာစေမည်ဖြစ်သည်။

အကယ်၍ သင့်လျော်သော အားစိုက်မှုများပြုလုပ်ပြီး ထိုကဲ့သို့သောအားစိုက်မှုများ မှတ်တမ်းတင်ပြီးနောက် ခရိုင်ပညာရေးဌာနသည် ပြဿနာဖြေရှင်းခြင်းအစည်း အဝေးတွင် သင်၏ပါဝင်မှုကို မရရှိပါက ပြဿနာဖြေရှင်းချိန်ကာလဖြစ်သည့် ပြက္ခ ဒိန်ပါရက် 30 ပြီးဆုံးသည့်အချိန်တွင် ခရိုင်ပညာရေးဌာနသည် ကြားနာဖြေရှင်းရေး အရာရှိအား သင်၏အထူးစောဒကတက်ခြင်းအား ဆက်လက်မလုပ်ဆောင်ရန် တောင်းဆိုမည်ဖြစ်သည်။ ထိုကဲ့သို့သော အားစိုက်မှုများ မှတ်တမ်းတင်ထားသည်တွင် အောက်တွင်ဖော်ပြ ထားသည့် နှစ်ဦးနှစ်ဖက် သဘောတူညီထားသော နေရာနှင့်အချိန်ကို စီစဉ်သည့် ခရိုင်ပညာရေးဌာန၏ ကြိုးပမ်းမှုမှတ်တမ်း ပါဝင်ရပါမည်။

1. ဖုန်းခေါ် ဆိုမှုသို့မဟုတ်ခေါ် ဆိုရန်ကြိုးပမ်းထားသည့်နှင့်၎င်းဖုန်းခေါ် ဆိုမှုများရ လဒ်များ၏ အသေးစိတ်မှတ်တမ်းများ၊
2. သင်ထံပို့ထားသည့်သက်ဆိုင်ရာစာ နှင့် လက်ခံရရှိခဲ့သည့် တုန့် ပြန်ချက်များ၏ မိတ္တူများ နှင့်
3. သင့်အိမ်သို့မဟုတ် အလုပ်လုပ်ကိုင်ရာနေရာသို့ သွားရောက်မှု နှင့် ၎င်းအလည် ရောက်လာမှု ရလဒ်များ၏ အသေးစိတ်မှတ်တမ်းများ။

သင်၏အထူးစောဒကတက်ခြင်းအသိပေးစာလက်ခံရရှိပြီး ပြက္ခဒိန်ပါ 15 ရက် အတွင်း ခရိုင်ပညာရေးဌာနသည် ပြဿနာဖြေရှင်းခြင်းအစည်းအဝေးကျင်းပြရန် ပျက်ကွက်ခဲ့လျှင်**သို့မဟုတ်** ပြဿနာဖြေရှင်းခြင်းအစည်းအဝေးသို့ ပါဝင်ရန် ပျက်ကွက်ခဲ့လျှင် ကြားနာဖြေရှင်းရေးအရာရှိအား ပြက္ခဒိန်ပါ 45 ရက်ကြာသော အထူးကြားနာဖြေရှင်းခြင်း စတင်ရန် သင်တောင်းဆိုရပါမည်။

**ပြဿနာဖြေရှင်းချိန်ကာလဖြစ်သည့်ပြက္ခဒိန်ပါရက် 30 အား အတိုးအလျှော့ပြု လုပ်ခြင်း**

သင်နှင့်ခရိုင်ပညာရေးဌာနသည် ပြဿနာဖြေရှင်းခြင်းအစည်းအဝေးအားမပြု လုပ်ရန် ရေးသားသဘောတူညီခဲ့လျှင် နောက်တစ်နေ့တွင် အထူးကြား နာဖြေ ရှင်းခြင်းလုပ်ငန်းစဉ် ကာလဖြစ်သည့် ပြက္ခဒိန်ပါရက် 45 အား စတင်မည်ဖြစ်သည်။

ကြားဝင်ညှိနှိုင်းခြင်းသို့မဟုတ် ပြဿနာဖြေရှင်းခြင်းအစည်းအဝေးစတင်ပြီးနောက် နှင့် ပြက္ခဒိန်ပါရက် 30 ကြာသော ပြဿနာဖြေရှင်းချိန်ကာလမကုန်ဆုံးခင်တွင် သင်နှင့်ခရိုင်ပညာရေးဌာနသည် သဘောထားတူခြင်းမရှိနိုင်ဟူ၍ ရေးသားသဘော တူခဲ့လျှင် နောက်တစ်နေ့တွင် ပြက္ခဒိန်ပါ 45 ရက်ကြာသော အထူးကြားနာဖြေရှင်း ခြင်း စတင်မည်ဖြစ်သည်။

အကယ်၍သင်နှင့်ခရိုင်ပညာရေးဌာနသည် ကြားဝင်ညှိနှိုင်းခြင်းဖြစ်စဉ်အားအသုံးပြု ရန် သဘောတူညီထားသော်လည်း နှစ်ဖက်သဘောတူညီမှုအဆင့် သို့မရောက်ရှိ သေးပါက ပြက္ခဒိန်ပါရက် 30 ကြာသည့်ပြဿနာဖြေရှင်းချိန်ကာလ ကုန်ဆုံးသည့် အချိန်တွင် အဖွဲ့နှစ်ဖွဲ့လုံးသည် ဆက်လက်လုပ်ဆောင်ရန် ရေးသားသဘောတူခဲ့လျှင် သဘောတူညီခြင်းသို့ရောက်ရှိသွားသည့်တိုင်အောင် ကြားဝင်ညှိနှိုင်းခြင်း လုပ်ငန်း စဉ်အား ဆက်လက်လုပ်ဆောင်ရပါမည်။ သို့သော်လည်း သင် သို့မဟုတ် ခရိုင်ပညာရေးဌာန သည် ကြားဝင်ညှိနှိုင်းခြင်း ဖြစ်စဉ်အား ရုတ်သိမ်းခဲ့လျှင် နောက်တစ်နေ့တွင် ပြက္ခဒိန်ပါရက် 45 ကြာသည့် အထူးကြားနာဖြေရှင်းခြင်း စတင်မည်ဖြစ်သည်။

**ဖြေရှင်းပြီးကြောင်းသဘောတူရေးသားချက်**

ပြဿနာဖြေရှင်းခြင်းအစည်းအဝေးတွင်အငြင်းပွားမှုအတွက် ဖြေရှင်းချက်ကို ရရှိခဲ့ပါက သင်နှင့်ခရိုင်ပညာရေးဌာနသည် တရားဥပဒေအရ လိုက်နာရမည့် သဘောတူညီမှုသို့ ရောက်ရှိရမည်။ ၎င်းသဘောတူညီချက်တွင်-

1. သင်နှင့် ခရိုင်ပညာရေးဌာနအား ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်စေရန် အခွင့်အာဏာရှိသူဖြစ်သည့် ခရိုင်ပညာရေးဌာန၏ကိုယ်စားလှယ်တစ်ဦးတို့ လက်မှတ်ရေးထိုးထားရသည်။ **နှင့်**
2. အကယ်၍ သင့်ပြည်နယ်အစိုးရသည် ပြဿနာဖြေရှင်းခြင်း သဘောတူညီချက်အ တည်ပြုနိုင်သည့် အဖွဲ့အစည်းခွင့်ပြုချက်ရရှိထားသော အခြားလမ်းစဉ်သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ရှိခဲ့လျှင် တရားစီရင်ခွင့်ရှိသည့် မည်သည့် ပြည်နယ်တ ရားရုံးတွင်(ပြည်နယ်ဥပဒေအရဤကဲ့သို့သောပြဿနာအား ကြားနာရန် အခွင့်အာ ဏာရှိသည့်တရားရုံး)သို့မဟုတ် အမေရိကန်နိုင်ငံ၏ခရိုင်တရားရုံးတွင်သို့မဟုတ် ပြည်နယ်ပညာရေးဆိုင်ရာအေဂျင်စီအနေဖြင့်သော်လည်းကောင်း မဖြစ်မနေဆောင်ရွက်နိုင်သည်။

သဘောတူညီမှုပြန်လည်သုံးသပ်ခြင်းကာလ

အကယ်၍ သင်နှင့် ခရိုင်ပညာရေးဌာနသည် ပြဿနာဖြေရှင်းခြင်းအစည်းအဝေး၏ ရလဒ်အနေဖြင့် သဘောတူညီချက်ရယူခဲ့လျှင် အဖွဲ့အစည်းတစ်ခုခုသည်(သင်သို့မ ဟုတ်ခရိုင်ပညာရေးဌာန) သင်နှင့်ခရိုင်ပညာရေးဌာန နှစ်ဖွဲ့စလုံးသဘောတူညီ ချက်လက်မှတ်ရေးထိုးထားသည့်အချိန်မှ အကောင်အထည် ဖော်နေစဉ် 3 ရက်အ တွင်း သဘောတူညီချက်အား တရားဝင်ပျက်ပြယ်သွားစေရပါမည်။

# အထူးစောဒကတက်ခြင်းအပေါ် ကြားနာဖြေရှင်းခြင်း

## ဘက်မလိုက်သောအထူးကြားနာဖြေရှင်းခြင်း

**34 CFR §300.511**

အထွေထွေ

အထူးစောဒကတက်ခြင်းအား အမှုဖွင့်သည့်အချိန်တိုင်း အငြင်းပွားမှုတွင် ပါဝင်သည့် သင်နှင့် ခရိုင်ပညာရေးဌာနသည်အထူးစောဒကတက်ခြင်းနှင့်ပြဿနာဖြေ ရှင်းခြင်း ဖြစ်စဉ် အပိုင်းတွင်ဖော်ပြထားချက်အရ ဘက်မလိုက်သောအထူးကြားနာဖြေရှင်း ခြင်း အတွက် အခွင့်အရေးကို **အထူးစောဒကတက်ခြင်းဖြစ်စဉ် ပြဿနာဖြေရှင်းခြင်းဖြစ်စဉ်**အခန်းများဖော်ပြထားသည်။

အထူးကြားနာဖြေရှင်းခြင်းအတွက် တောင်းဆိုချက်ရေးသားစာရာ Missouri မူလတန်းနှင့်အလယ်တန်းပညာရေးဌာနသို့ ပေးပို့ရမည်။ ထို့နောက် မိတ္တူပွားပြီး အထူးဖြစ်စဉ်ဆန့်ကျင်မှုအား သင်ဆွေးနွေးထားသည့်အေဂျင်စီသို့ ပေးပို့ရပါမည်။

စာပို့ရမည့် ဌာနလိပ်စာမှာ :

MODESE
သတိပြုရန် : စည်းမျဉ်းဥပဒေလိုက်နာရမည့်
အပိုင်း/အထူးပညာရေး
PO Box 480
Jefferson City, MO 65102
ဖက်စ် : (573) 526-4404

**ဘက်မလိုက်သောကြားနာဖြေရှင်းသည့်အရာရှိ**

အနည်းဆုံးအနေဖြင့် ကြားနာဖြေရှင်းသည့်အရာရှိသည် :

1. ပြည်နယ်ပညာရေးဆိုင်ရာ အေဂျင်စီ သို့မဟုတ် ပညာရေးသို့မဟုတ်ကလေး ပြုစုပျိုးထောင်ရေးတွင် ပါဝင်သည့် ခရိုင်ပညာရေးဌာန၏ ဝန်ထမ်းမဖြစ်ရပါ။ သို့သော်လည်း အေဂျင်စီမှ ကြားနာဖြေရှင်းခြင်းအရာရှိအဖြစ် တာဝန်ထမ်း ဆောင်ရန်အခကြေးငွေပေးထားသူဖြစ်သောကြောင့် သူ/သူမသည် အေဂျင်စီတွင် ပါဝင်သောဝန်ထမ်းတစ်ဦး မဟုတ်ပါ။
2. ကြားနာဖြေရှင်းခြင်းတွင် ကြားနာဖြေရှင်းခြင်းအရာရှိ၏ ရည်ရွယ်ချက် နှင့်သဘော ထားကွဲလွဲသည့် ကိုယ်ရေးကိုယ်တာ သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အကျိုးအမြတ် ရယူခြင်းမရှိရပါ။
3. IDEA ၏သက်မှတ်ချက်များ၊ နှင့် IDEA နှင့်ဆက်စပ်သည့် ဖယ်ဒရယ်နှင့်ပြည်နယ်အ စိုးရဥပဒေများ၊ နှင့် ဖယ်ဒရယ်နှင့်ပြည်နယ်အစိုးရတရားရုံးများမှ IDEA၏ တရား ဝင်စကားပြန်ဆိုမှုများအား နားလည်ပြီး အသိသညာကျွမ်းကျင်မှုရှိသူဖြစ်ရ ပါမည်။ **နှင့်**
4. တရားဝင်လက်တွေ့လုပ်ဆောင်ခြင်းစံနှုန်းအတိုင်း သင့်လျော်သော စီလျော်မှုနှင့် ကြားနာဖြေရှင်းခြင်းဆောင်ရွက်ရန်၊ နှင့် ဆုံးဖြတ်ချက် ပြုလုပ်ရန်နှင့်ရေးသားရန် အရည်အချင်းရှိပြီး အသိသညာရှိရပါမည်။

ခရိုင်ပညာရေးဌာနတစ်ခုစီတိုင်းသည် ကြားနာဖြေရှင်းခြင်းအရာရှိများအနေဖြင့် တာဝန်ထမ်းဆောင်သော ပုဂ္ဂိုလ်များအား တစ်ဦးချင်း၏ အရည်အချင်းဖော်ပြချက်များအပါအဝင် အမည်စရင်းများသိမ်းဆည်းထားရပါမည်။

**အထူးကြားနာဖြေရှင်းခြင်း၏အဓိကအကြောင်းအရာ**

အခြားတစ်ဖက်အဖွဲ့အစည်းမှ သဘောမတူလျှင် အထူးကြားနာဖြေရှင်းခြင်းအား တောင်းဆိုထားသည့် အဖွဲ့အစည်း (သင် သို့မဟုတ် ခရိုင်ပညာရေးဌာန)သည် အထူးစောဒကတက်ခြင်းတွင် ဖြေရှင်းနိုင်ခြင်းမရှိသည့် ပြဿနာများအား အထူး ကြားနာဖြေရှင်းခြင်းသို့ တင်ပြ၍မရပါ။

**ကြားနာဖြေရှင်းမှုတောင်းဆိုခြင်းအတွက်အချိန်ကာလသတ်မှတ်ခြင်း**

သင် သို့မဟုတ် ခရိုင်ပညာရေးဌာနသည် စေဒကတက်ထားခြင်းအဖြစ်တင်ပြထား သည့်ပြဿနာအကြောင်း သင်သို့မဟုတ်ခရိုင်ပညာရေးဌာနမှ သိရှိသည့်နေ့ သို့မ ဟုတ် အသိပေးခဲ့သည့်နေ့မှ နှစ် နှစ်အတွင်း အထူးစောဒကတက်ခြင်းအပေါ် ဘက် မလိုက်သည့်ကြားနာဖြေရှင်းခြင်းအား တောင်းဆိုရပါမည်။

အချိန်ကာလသတ်မှတ်ခြင်းမှ ချွင်းချက်များ

သင်သည် အထူးစောဒကတက်ခြင်းဖြင့် အမှုမဖွင့်နိုင်ခဲ့လျှင် အပေါ်တွင်ဖော်ပြထား သည့်အချိန်ကာလသတ်မှတ်ခြင်းသည် သင့်အတွက် အကျုံးမဝင်ပါ။ အကြောင်းပြချက်များမှာ :

1. သင်၏စောဒတက်မှု တင်ပြထားသည့်ပြဿနာအား ပြန်လည်ဖြေရှင်းပြီးဖြစ်သည်ဟု ခရိုင်ပညာရေးဌာနမှ သီးခြားလွဲမှားသည့်သတင်းအား ဖော်ပြခဲ့သည်။ **သို့မ ဟုတ်**
2. IDEA ၏ ဥပဒေအပိုင်း ခ အရ သင့်အားအသိပေးရန် လိုအပ်သည့် သတင်းအ ချက်အလက်အား ခရိုင်ပညာရေးဌာနသည် သင့်အားပေးရန် ငြင်းဆိုခဲ့သည်။

# ကြားနာဖြေရှင်းနိုင်သည့်အခွင့်အရေးများ

## 34 CFR §300.512

**အထွေအထွေ**

သင်သည် အထူးကြားနာဖြေရှင်းခြင်းတွင် သင့်ကိုယ်သင် တင်ပြရန် အခွင့်အရေး ရှိသည်။ ထို့အပြင် အထူးကြားနာဖြေရှင်းခြင်းမှ မည်သည့်အဖွဲ့အစည်းတွင်မဆို (စည်းကမ်း ဖောက်ဖျက်မှုဒဏ်ပေးခြင်းလုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သည့် ကြားနာဖြေရှင်း ခြင်း အပါအဝင်) ရှိသည့်အခွင့်အရေးမှာ :

1. ရှေ့နေ နှင့်/သို့မဟုတ် အထူးအသိသညာရှိသည့် ပုဂ္ဂိုလ်များ သို့မဟုတ် မသန်စွမ်း သည့်ကလေးငယ်များ၏ပြဿနာနှင့်သက်ဆိုင်သော သင်တန်းပေး ထားသည့် ပုဂ္ဂိုလ်များထံမှ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်ပေးမှုများ ရယူနိုင်ပါသည်၊
2. အထူးကြားနာဖြေရှင်းခြင်းတွင် ရှေ့နေမှ ကိုယ်စားပြုပေးနိုင်သည်၊

3. အထောက်အထားတင်ပြခြင်း နှင့်ရင်ဆိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးခြင်း၊ နှင့် သက်သေများတက်ရောက်ပါဝင်စေခြင်း စသည်များအား လုပ်ဆောင်နိုင်ပါသည်။
4. ကြားနာဖြေရှင်းခြင်းမတိုင်မီအကောင်အထည်ဖော်နေစဉ် အနည်းဆုံးငါးရက်အတွင်း သက်ဆိုင်ရာပါတီထံသို့ ထုတ်ဖော်ခြင်းမရှိသည့် မည်သည့်အထောက်အထားကို မဆို ကြားနာဖြေရှင်းခြင်းထဲတွင် စတင်ပြောဆိုခြင်းအား တားဆီးနိုင်ပါသည်၊
5. ကြားနာဖြေရှင်းခြင်းအား ရေးသားခြင်းဖြင့်၊ သို့မဟုတ် သင်ရွေးချယ်ထားသည့် အတိုင်း အီလက်ထရောနစ်ကိရိယာဖြင့်ဖြစ်စေ၊ စလုံးတစ်လုံးချင်းဖြင့်ဖြစ်စေ မှတ်တမ်းရယူနိုင်ပါသည်၊ **နှင့်**
6. အချက်အလက်နှင့်ဆုံးဖြတ်ချက်များရှာဖွေရာတွင် ရေးသားခြင်းဖြင့်၊ သို့မဟုတ်သင် ရွေးချယ်ထားသည့်အတိုင်း အီလက်ထရောနစ်ကိရိယာဖြင့်ဖြစ်စေ ရယူနိုင်ပါသည်။

ထပ်လောင်းထုတ်ဖော်ထားသည့် အချက်အလက်များ

အထူးကြားနာဖြေရှင်းခြင်းမတိုင်ခင် အကောင်အထည်ဖော်စဉ် အနည်းဆုံးငါး ရက်တွင် သင်နှင့်ခရိုင်ပညာရေးဌာနသည် ၎င်းရက်စွဲတွင်ပြီးမြောက်ခဲ့သည့် ပြန်လည်သုံးသပ်ချက်များ နှင့် သင်သို့မဟုတ်ခရိုင်ပညာရေးဌာနမှ ကြားနာဖြေ ရှင်းခြင်းတွင် အသုံးပြုရန်ရည်ရွယ်ထားသည့် ၎င်းပြန်လည်သုံး သပ်ချက်များ အပေါ် အခြေခံပြီး ထောက်ခံချက်များအား အပြန်အလှန် ထုတ်ဖော်ပြောဆိုရပါမည်။

အခြားသောအဖွဲ့အစည်း၏ သဘောတူညီချက်မရှိပဲ ကြားနာဖြေရှင်းရေးအရာရှိသည် ကြားနာဖြေရှင်းခြင်းတွင် သက်ဆိုင်ရာပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံ ချက်များ ပြောဆိုခြင်းမှ လိုအပ်ချက်များလိုက်နာခြင်းမရှိသည့် မည်သည့်အဖွဲ့ကိုမဆို ကာကွယ်ထားရပါမည်။

**ကြားနာဖြေရှင်းခြင်းတွင်မိဘများ၏အခွင့်အရေးများ**

သင့်အား ပေးအပ်ထားသည့်အခွင့်အရေးများမှာ :

1. သင့်ကလေး တက်ရောက်ပါဝင်ခွင့်ရှိသည်၊
2. အများပြည်သူထံသို့ ကြားနာဖြေရှင်းခြင်းအား ဖွင့်ဟပြောဆိုနိုင်သည်၊ **နှင့်**
3. သင့်အား ပေးထားသည့် ကြားနာဖြေရှင်းခြင်းမှတ်တမ်း၊ အချက်အလက်နှင့်ဆုံး ဖြတ်ချက်များ တွေ့ရှိချက်များအား အခကြေးငွေမပေးပဲ ရယူနိုင်သည်။

# ကြားနာဖြေရှင်းခြင်း ဆုံးဖြတ်ချက်များ

## 34 CFR §300.513

**ကြားနာဖြေရှင်းရေးအရာရှိ၏ဆုံးဖြတ်ချက်**

သင့်ကလေးသည် သင့်လျော်သည့်အများပြည်သူအခမဲ့ပညာရေးစနစ် (FAPE) အား ရရှိခြင်း ရှိသည်မရှိသည်အပေါ်တွင် ကြားနာဖြေရှင်းရေးအရာရှိ၏ဆုံးဖြတ်ချက်သည် FAPE နှင့်တိုက်ရိုက်သက်ဆိုင်သည့် အထောက်အထားနှင့် အငြင်းပွားမှုများ အပေါ်တွင် အခြေခံထားရပါမည်။

လုပ်ထုံးလုပ်နည်းချိုးဖောက်သည်ဟု အခိုင်အမာစွပ်စွဲပြောဆိုသည့် ပြဿနာများ ("IEP အဖွဲ့ပြည့်စုံမှုမရှိခြင်း" ကဲ့သို့သော) တွင် အကယ်၍အောက်ပါလုပ်ထုံး လုပ်နည်းချိုးဖောက်မှုများသာ ဖြစ်ခဲ့လျှင် သင့်ကလေးသည် FAPE မရရှိခဲ့ သည်များကို ကြားနာဖြေရှင်းရေးအရာရှိသည် တွေ့ရှိမည်ဖြစ်ပါသည်။

1. သင့်လျော်သည့်အများပြည်သူအခမဲ့ပညာရေးစနစ် (FAPE) မှ သင့်ကလေး၏အခွင့်အရေးအား အနှောင့်အယှက်ပေးခြင်း၊
2. သင့်ကလေးထံမှ အခမဲ့သင့်လျော်သည့်အများပြည်သူပညာရေးစနစ် (FAPE) ထောက်ပံ့မှုနှင့် စပ်လျဉ်းပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ပါဝင်ရန် သင့် အခွင့်အရေးအား မြင်သာစွာအနှောင့်အယှက်ပေးခြင်း၊ **နှင့်**
3. သင့်ကလေးအား ပညာရေးဆိုင်ရာအကျိုးခံစားမှုများ ပြတ်လပ်ချို့တဲ့မှုဖြစ် ပေါ်စေခြင်း။

**ဥပဒေအရအဓိပ္ပာယ်ကောက်ယူထားသည့်စကားစု**

အပေါ်တွင်ဖော်ပြထားခြင်းမရှိသည့် သတ်မှတ်ချက်များအား IDEA ၏ ဥပဒေအပိုင်း ခ အရ ဖယ်ဒရယ်ထုံးတမ်းဥပဒေများ၏ ကာကွယ်ရေးလုပ်ထုံးလုပ်နည်းများအပိုင်း (34 CFR §§300.500 through 300.536) တွင် လိုအပ်ချက်များလိုက်နာရန် ခရိုင်းကျောင်းအား ကြားနာဖြေရှင်းရေးအရာရှိမှ အမိန့်ပေးခြင်းမှ ကာကွယ်ရန် ဖြစ်သည် ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

အထူးကြားနာဖြေရှင်းခြင်းအတွက်သီးခြားတောင်းဆိုခြင်း

IDEA ၏ ဥပဒေအပိုင်း ခ အရ ဖယ်ဒရယ်ထုံးတမ်းဥပဒေများ၏ ကာကွယ်ရေး လုပ်ထုံးလုပ်နည်းများအပိုင်း (34 CFR §§300.500 through 300.536) တွင် မပါရှိသည်များကို အမှုဖွင့်ခဲ့ပြီးသော အထူးစာဒကတက်ခြင်းမှ သီးခြားခွဲထုတ်ထား သည့် ပြဿနာအပေါ် သီးခြားအထူးစာဒကတက်ခြင်း အမှုဖွင့်ခြင်းမှ သင့်အား ကာကွယ်ပေးရန်ဖြစ်သည် ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

**ကျွမ်းကျင်သည့်အကြံပေးအဖွဲ့နှင့်အများပြည်သူထံမှတွေ့ရှိချက်များနှင့်ဆုံးဖြတ်ချက်**

မည်သည့်ကိုယ်ရေးကိုယ်တာ ဖစ်မြစ်ခွဲခြားသတ်မှတ်နိုင်သည့် အချက်အလက်ကို မဆို ဖျက်ထားပြီးနောက် ပြည်နယ်အစိုးရပညာရေးအေဂျင်စီ သို့မဟုတ် ခရိုင်ပညာ ရေးဌာန (သင့်အထူးကြားနာဖြေရှင်းခြင်းအတွက် တာဝန်ရှိသည့်ဘယ်အဖွဲ့ကိုမဆို) သည် :

1. အထူးကြားနာဖြေရှင်းခြင်းတွင် တွေ့ရှိချက်များနှင့်ဆုံးဖြတ်ချက်များအား ဖော်ပြရပါ မည် သို့မဟုတ် ပြည်နယ်အစိုးရပညာရေးဆိုင်ရာ ကျွမ်းကျင်သည့်အကြံပေးအဖွဲ့ထံ သို့ အကူအညီတောင်းရပါမည်၊ **နှင့်**
2. ၄င်းတွေ့ရှိချက်များနှင့်ဆုံးဖြတ်ချက်များအား အများပြည်သူရယူနိုင်အောင် ပြုလုပ်ရပါမည်။

# အယူခံဝင်ခြင်း

## ဆုံးဖြတ်ချက်၏အဆုံးသတ် အယူခံဝင်ခြင်း - ဘက်မလိုက်သည့်ပြန်လည်ဆန်းစစ်ခြင်း

### 34 CFR §300.514

**ကြားနာဖြေရှင်းခြင်းဆုံးဖြတ်ချက်၏အဆုံးသတ်**

ချွင်းချက်အနေဖြင့် **၍အရေးယူမှုများအားတင်သွင်းနိုင်သည့်အချိန်ကာ လအ ပါအဝင် တရားမရေးရာအရေးယူဆောင်ရွက်ချက်များ**ခေါင်းစဉ်အောက်တွင် ဖော်ပြထားချက်အရ ကြားနာဖြေရှင်းခြင်းတွင်ပါဝင်သည့် မည်သည့်အဖွဲ့အစည်း (သင်သို့မဟုတ်ခရိုင်ပညာရေးဌာန)ကမဆိုတရားမရေးရာအရေးယူ ဆောင်ရွက်ချက်များအား လက်ကိုင်ထားခြင်းဖြင့် ဆုံးဖြတ်ချက်အား အယူခံဝင်ခြင်းမှအပ အထူးကြားနာဖြေရှင်းခြင်းတွင်ချမှတ်ထားသည့် ဆုံးဖြတ်ချက် (စည်းမျဉ်းမလိုက်နာမှုကြောင့်ပေးသည့်ပြစ်ဒဏ်လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သည့်ကြားနာဖြေရှင်းခြင်း အပါအဝင်) သည် အဆုံးသတ်ဖြစ်ပါသည်။

## ကြားနာဖြေရှင်းခြင်းများ၏သင့်လျော်သည့်အချိန်ကာလသတ်မှတ်ချက်များနှင့် ပြန်လည်ဆန်းစစ်မှုများ

### 34 CFR §300.515

ပြဿနာဖြေရှင်းခြင်းအစည်းအဝေးများအတွက် ပြက္ခဒိန်ပါရက် 30 ကုန်ဆုံးပြီး နောက် ပြက္ခဒိန်ပါရက် 45 ထက်နောက်မကျစေခြင်းသို့မဟုတ် ဟုသည့် ခေါင်းစဉ်ခွဲအောက်တွင် ဖော်ပြထားချက်အရ **ပြဿနာဖြေရှင်းခြင်းကာလ၏ပြက္ခဒိန်ပါရက် 30 မှ ချိန်ညှိမှုများ** ချိန်ညှိခြင်းအချိန်ကာလကုန်ဆုံးပြီးနောက် ပြက္ခဒိန်ပါရက် 45 ထက်နောက်မကျစေခြင်းအား ပြည်နယ်အစိုးရပညာ ရေးဆိုင်ရာ အေဂျင်စီသည် သေချာစေရပါမည်။

1. ကြားနာဖြေရှင်းခြင်းတွင် အဆုံးသတ်ဆုံးဖြတ်ချက်သို့ ရောက်ရှိခဲ့သည်၊ **နှင့်**
2. ဆုံးဖြတ်ချက် မိတ္တူအား အဖွဲ့အစည်းများထံအပြန်အလှန် ပေးပို့ရပါသည်။

အပေါ်တွင်ဖော်ပြထားသည့် ပြက္ခဒိန်ပါရက် 45 အချိန်ကာလထက်ကျော်လွန်၍ အဖွဲ့အစည်းတစ်ခုခုမှတောင်းဆိုချက်အရ ကြားနာဖြေရှင်းရေးအရာရှိသည် သီးခြားအချိန်တိုးချဲ့ခြင်းအား တရားဝင်ပေးအပ်ရပါမည်။

ကြားနာဖြေရှင်းခြင်းတစ်ခုချင်းစီအား သင်နှင့်သင့်ကလေးအတွက် သင့်လျော်သည့် အချိန်နှင့်နေရာတွင် ပြုလုပ်ရပါမည်။

## တင်သွင်းနိုင်သည့် အချိန်ကာလအပါအဝင် တရားမရေးရာအရေး ယူဆောင်ရွက်ချက်များ ၏အရေးယူမှုများအား

### 34 CFR §300.516

**အထွေထွေ**

အထူးကြားနာဖြေရှင်းခြင်းတွင်တွေ့ရှိချက်များနှင့်ဆုံးဖြတ်ချက် (စည်းမျဉ်းမ လိုက်နာ မှုကြောင့်ပေးသည့်ပြစ်ဒဏ်လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သည့်ကြားနာဖြေရှင်းခြင်း အပါအဝင်) အား သဘောမတူသည့် မည်သည့်အဖွဲ့အစည်း (သင်သို့မဟုတ် ခရိုင်ပ ညာရေးဌာန) တွင်မဆို အထူးကြားနာဖြေရှင်းခြင်း၏ အကြောင်းအရာဖြစ်သည့် ပြဿနာအား လေးစားမှုနှင့်အတူ တရားမရေးရာ အရေးယူဆောင်ရွက်ချက်အား လက်ကိုင်ထားနိုင်သည့် အခွင့်အရေးရှိပါသည်။ ၄င်းအရေးယူမှုအား တရားစီရင်ပိုင်ခွင့်ရှိသည့် ပြည်နယ်တရားရုံးတွင်(ပြည်နယ်ဥ ပဒေအရ ၎င်းကဲ့သို့သောပြဿနာအား ကြားနာရန် အခွင့်အာဏာရှိသည့် ပြည်နယ်တရားရုံး) သို့မဟုတ် အမေရိကန်ပြည်နယ်များ၏ ခရိုင်တရားရုံးတွင် အငြင်းပွားမှုအကြီမ်ရေတွက် သတ်မှတ်ခြင်းမရှိပဲ ယူဆောင်လာရပါမည်။

**အချိန်ကန့်သတ်ချက်**

အရေးယူမှုအားယူဆောင်လာသည့်အဖွဲ့အစည်း (သင် သို့မဟုတ် ခရိုင်ပညာ ရေးဌာန) သည် တရားမရေးရာအရေးယူဆောင်ရွက်ခြင်းဖြင့်တင်သွင်းရန် ကြားနာဖြေရှင်းရေးအရာရှိ၏ဆုံးဖြတ်ချက်ချသည့် ရက်စွဲမှစ၍ ပြက္ခဒိန်ပါရက် 45 အချိန်ရှိပါမည်။

**ထပ်လောင်းလုပ်ထုံးလုပ်နည်းများ**

မည်သည့်တရားမရေးရာ အရေးယူဆောင်ရွက်ချက်တွင်မဆို တရားရုံးသည် :

1. အဖွဲ့အစည်း၏အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ရှားမှုဖြစ်စဉ် မှတ်တမ်းများအား လက်ခံရရှိရ ပါသည်၊
2. သင်၏တောင်းဆိုချက်အရ သို့မဟုတ် ခရိုင်ပညာရေးဌာန၏တောင်းဆိုချက်အရ ထပ်လောင်းအထောက်အထားအား ကြားနာရပါသည်၊ **နှင့်**
3. အထောက်အထားမြောက်များစွာအပေါ် မိမိဆုံးဖြတ်ချက်အား အခြေခံထားရပြီး တရားရုံးမှ သင့်လျော်အောင်မှုရှိစေရန် ဆုံးဖြတ်ပေးလျက်ရှိသည်ဟူသော သက်သာခွင့်အား အာမခံထားပါသည်။

သင့်လျော်သည့်အခြေအနေများတွင်တရားဥပဒေနှင့်ဆိုင်သည့်သက်သာခွင့်တွင် ပုဂလ္လိကပိုင်စာသင်ကျောင်းကျူရှင်၏နစ်နာကြေးနှင့်ပညာရေးဆိုင်ရာဝန်ဆောင်မှု များ လျော်ကြေးပေးခြင်းစသည်တို့ ပါဝင်ရပါမည်။

**ခရိုင်တရားရုံးများ၏တရားစီရင်ပိုင်ခွင့်**

အမေရိကန်ပြည်ထောင်စု၏ခရိုင်တရားရုံးများသည်ပဋိပက္ခအကြိမ်ရေ သတ်မှတ်ချက်မရှိပဲ IDEA ၏ ဥပဒေအပိုင်းခ အရအရေးယူမှုများကို ထိန်းချုပ်နိုင်သည့် အာဏာရှိပါသည်။

**ဥပဒေအရအဓိပ္ပာယ်ကောက်ယူထားခြင်း၏စည်းမျဉ်း**

IDEA ၏ဥပဒေအပိုင်း ခ တွင် မည်သည့်အရာကမှ အမေရိကန်ဖွဲ့ စည်းတည်ဆောက်ပုံအခြေခံဥပဒေ၊ မသန်စွမ်းသည့်အမေရိကန်လူမျိုး များအတွက် 1990 ဖွဲ့စည်းထားသည့်အက်ဥပဒေ၊ ပြန်လည် ပြုစုပျိုးထောင်ရေး 1973 အက်ဥပဒေ ( ပုဒ်မ ၅၀၄)၏ ခေါင်းစဉ် V သို့ မဟုတ် မသန်စွမ်းသည့်ကလေး များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဖက်ဒရယ်ဥပဒေများ အောက်တွင် ရရှိနိုင်သော အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်း များကို မတားဖြစ်ထားပါ။ သို့ သော် IDEA အပိုင်း ခ အရ လည်း ရရှိနိုင်သော သက်သာခွင့်များ ပေးနိုင်သည့် ယင်းအခြားဥပဒေများ အောက်တွင် တရားမရေးရာ စီရင်ချက်ကို လုပ်ဆောင်ပေးရန် မတင်သွင်းမီတွင် စောဒကတက်သည့်ဖက်မှအဖွဲ့ သည် IDEA အပိုင်းခ အောက်တွင် အရေးယူပေးရန် တင်သွင်းခဲ့လျှင် အထက်တွင် ဖော်ပြထားသည့် တရားမျှတရေး လုပ်ထုံးများကို လိုအပ်သည့်ပမာဏအတိုင်း အပြည့်အဝ အသုံးချရမည်။ ၎င်း၏ဆိုလိုသည့်အဓိပ္ပာယ်မှာ IDEA အောက်တွင်အသုံးပြုနိုင်သည့် ဥပဒေများနှင့် တိုက်နေသည့် အခြားသောဥပဒေများအောက်တွင် အသုံးပြုနိုင်သည့် ဥပဒေနည်းလမ်းများသင်ရရှိပါမည်။သို့သော်လည်းယေဘုယျအားဖြင့်ယင်းအခြား ဥပဒေများအောက်တွင် သက်သာခွင့်များရရှိရန် တရားရုံးသို့ တိုက်ရိုက်မသွားမီ IDEA အောက်တွင် အသုံးပြုနိုင်သည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဥပဒေနည်းလမ်းများ အား (အထူးစောဒကတက်ခြင်း၊ ပြဿနာဖြေရှင်းခြင်းအစည်းအဝေး၊ နှင့် ဘက်မ လိုက်သည့်အထူးကြားနာဖြေရှင်းခြင်းလုပ်ထုံးလုပ်နည်းများ အစရှိသော) သင် ပထမဦးဆုံးအသုံးပြုရပါမည်။

# အထူးစောဒကတက်နေစဉ် နှင့် ကြားနာဖြေရှင်းခြင်းအားအချိန်ဆိုင်းထားစဉ် ကလေး၏အတန်းနေရာချထားမှု

## 34 CFR §300.518

**မသန်စွမ်းသည့်ကလေးငယ်များအပြစ်ပေးသည့်အချိန်လုပ်ထုံးလုပ်နည်းများ** ခေါင်းစဉ်အောက်တွင် ဖော်ပြထားချက်၏ ချွင်းချက်များမှအပ အခြားအ ဖွဲ့အစည်းထံသို့ အထူးစောဒကတက်ခြင်းအား ပေးပို့သည်နှင့်တပြိုင်နက် ပြဿနာဖြေ ရှင်းနေသည့်အချိန်ကာလအတောအတွင်း နှင့် မည်သို့သော ဘက်မလိုက်သည့် အထူကြားနာဖြေရှင်းခြင်းတွင်မဆို သို့မဟုတ် တရားရုံး တွင်ရင်ဆိုင်ဖြေရှင်းခြင်း အားစောင့်ဆိုင်းနေစဉ် သင်နှင့် ပြည်နယ်အစိုးရ သို့မဟုတ်ခရိုင်ပညာရေးဌာနမှ အခြားသောနည်းလမ်းအားဖြင့် သဘော တူထားခြင်းမရှိလျှင် သင့်ကလေးသည် သူသို့မဟုတ် သူမ၏လက်ရှိ ပညာရေးဆိုင်ရာအတန်းနေရာချထားမှုတွင် ဆက်လက်ရှိနေရပါမည်။

အထူးစောဒကတက်ခြင်းတွင် အစောပိုင်းအများပြည်သူကျောင်းဝင်ခွင့်လျှောက်လွှာ ပါရှိခဲ့လျှင် သင့်သဘောတူညီမှုနှင့်အတူ သင့်ကလေးအား ၎င်းကဲ့သို့သောတရား ခွင်တွင် ရင်ဆိုင်ဖြေရှင်းခြင်းများအားလုံး ပြီးဆုံးသည့်တိုင်အောင်ပုံမှန်အများ ပြည်သူကျောင်းအစီအစဉ်သို့ အတန်းနေရာချထားပေးရပါမည်။

အကယ်၍ အထူးစောဒကတက်ခြင်းတွင် IDEA ၏အပိုင်း ဂ မှ IDEA ၏အပိုင်း ခ သို့ ဆောင်ရွက်ပေးရန် ပညာရေးမှ လက်တွေ့ဘဝသို့ကူးပြောင်းနေသည့်ကလေးနှင့် ကလေးသည် သုံးမျိုးသို့ကူးပြောင်းပြီးဖြစ်သောကြောင့် အပိုင်း ဂ ပြင်ဆင်ပေးမှုများ အတွက် မသင့်လျော်တော့သည့် ကလေးအတွက် IDEA ၏အပိုင်း ခ အောက်တွင်ရှိ သည့် အစောပိုင်းပြင်ဆင်ပေးမှုများအတွက် လျှောက်လွှာ ပါဝင်ခဲ့လျှင် ခရိုင်ပညာ ရေးဌာနသည် ကလေးလက်ခံရရှိခဲ့ပြီးသည့် အပိုင်း ဂ ပြင်ဆင်ပေးမှုများ ထောက်ပံ့ ပေးရန် မလိုအပ်တော့ပါ။ ပထမဆုံးအကြိမ် သက်ဆိုင်ရာပြင်ဆင်ပေးမှုများနှင့် အထူးပညာရေးလက်ခံရရှိရန် IDEA ၏အပိုင်း ခ အောက်တွင် ကလေးသည် သင့်တော်ကြောင်းတွေ့ရှိလျှင် နှင့် သင့်ကလေးအတွက် သင်သဘောတူညီခဲ့လျှင် ထို့နောက် တရားခွင်ရင်ဆိုင်ခြင်း အကျိုးဆက်အား ဆိုင်းငံ့ထားလျှင် အငြင်းပွားမှုတွင် မပါဝင်သည့် ၎င်းပညာရေးနှင့် သက်ဆိုင်ရာပြင်ဆင်ပေးမှုများအား ခရိုင်ပညာရေးဌာနသည် ထောက်ပံ့ ပေးရပါ မည် (၎င်းကိစ္စများအပေါ် သင်နှင့်ခရိုင်ပညာရေးဌာနသည် သဘော တူညီခဲ့လျှင်)။

ပြည်နယ်ပညာရေးအေဂျင်စီမှဦးစီးဆောင်ရွက်သည့်အထူးကြားနာဖြေရှင်းခြင်းတစ်ရပ်တွင် ကြားနာဖြေရှင်းရေးအရာရှိသည် အတန်းနေရာချထားမှုပြောင်းလဲရန်သင့် တော်သည်ဟု သင်နှင့် သဘောတူညီခဲ့လျှင် မည်ကဲ့သို့သောဘက်မ လိုက်သည့်အ ထူးကြားနာဖြေရှင်းခြင်း သို့မဟုတ် တရားခွင်ရင်ဆိုင်ခြင်းမှ ဆုံးဖြတ်ချက်အားစောင့် ဆိုင်းနေစဉ် ကလေးဆက်လက်တည်ရှိနေမည့် ၎င်းအတန်းနေရာချထားမှုသည် ကလေး၏လက်ရှိပညာသင်ကြားရေးအတန်းနေရာချထားခြင်းအတိုင်း ဖြစ်ရပါမည်။

# ရှေ့နေခကြေး
## 34 CFR §300.517

**အထွေထွေ**

IDEA ၏ အပိုင်း၁ အရ ဆောက်ရွက်လာသော တရားခွင်ရင်ဆိုင်မှု သို့မဟုတ် မည်သည့် လုပ်ဆောင်ချက်တွင်မဆို သင်အနိုင်ရရှိခဲ့လျှင် တရားရုံးသည် ၎င်း၏သဘောအရ သင်ကုန်ကျခဲ့သော စရိတ်စကများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှေ့နေခအား သင်ကို ချီးမြှင့်မည်ဖြစ်သည်။

အကယ်၍ အောက်ပါအတိုင်းဖြစ်ခဲ့လျှင် IDEA ၏ အပိုင်း ၁ အရ ဆောင်ရွက်လာ သော တရားခွင်ရင်ဆိုင်မှု သို့မဟုတ် မည်သည့် လုပ်ဆောင်ချက်တွင်မဆိုတရားရုံး သည် ၎င်း၏သဘောအရသင့်ရှေ့နေဘက်မှကုန်ကျစရိုက်ပေးရမည့် အနိုင်ရသော ပြည်နယ်ပညာရေးအေဂျင်စီ သို့မဟုတ် ခရိုင်ပညာရေးဌာနမှကုန်ကျခဲ့သော စရိတ်စ က၏ တစ်စိတ်တစ်ပိုင်းအဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။ (က) ရှေ့နေတင်သွင်းခဲ့သော စောဒကတက်သည့်ပြဿနာ သို့မဟုတ် တရားရုံး ပြဿနာအား တရားရုံးမှအရေးမ ကြီးသော၊သဘာဝမကျသော၊ သို့မဟုတ်အခြေအမြစ်မရှိသော ပြဿနာဖြစ်သည်ဟု တွေ့ရှိခဲ့လျှင်၊ **သို့မဟုတ်** (ခ) တရားရုံးတွင်ဖြေရှင်းပေးဖို့တောင်းဆိုထား မှုသည် အရေးမကြီးသော၊ သဘာဝမကျသော၊ သို့မဟုတ် အခြေအမြစ်မရှိသော အရာဖြစ်ကြောင်း သိသာစွာဖြစ်ပေါ် ခဲ့ပြီးနောက် ရှေ့နေသည် တရားရုံးတွင် ဖြေရှင်းပေးဖို့တောင်းဆိုရန် ဆက်လက်လုပ်ဆောင်နေလျှင်၊ **သို့မဟုတ်**

အကယ်၍ အထူးကြားနာဖြေရှင်းခြင်း သို့မဟုတ် အနာဂတ်တွင်ဖြစ်လာနိုင်သည့် တရားရုံးပြဿနာအတွက် သင်တောင်းဆိုမှုသည် အပြစ်ပေးမှုသို့မဟုတ် တရား ခွင်ရင်ဆိုင်ခြင်း ကုန်ကျစရိတ်အား မလိုအပ်ပဲ တိုးမြှင့်လာစေနိုင်သည့် သို့မဟုတ် မလိုအပ်သည့်ကြံ့ကြာမှုဖြစ်ပေါ် လာစေနိုင်သည့် နှောင့်ယှက်တိုက်ခိုက်မှုကဲ့သို့သော မည်သို့သော သင့်တင့်လျောက်ပတ်မှုမရှိသည့်ရည်ရွယ်ချက်အတွက်ဖြစ်သည်ဟု ထင်ပြထားခြင်းခံခဲ့ရလျှင် IDEA ၏ အပိုင်း ၁ အရ ဆောင်ရွက်လာသော တရား ခွင်ရင်ဆိုင်မှု သို့မဟုတ် မည်သည့် လုပ်ဆောင်ချက်တွင်မဆို တရားရုံးသည် ၎င်း၏ သဘောအရ သင့်ရှေ့နေဘက်မှကုန်ကျစရိုက်ပေးရမည့် အနိုင်ရသောပြည်နယ်ပ ညာရေးအေဂျင်စီ သို့မဟုတ် ခရိုင်ပညာရေးဌာနမှ ကုန်ကျခဲ့သော စရိတ်စကများ၏ တစိတ်တပိုင်းအဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။

**အခကြေးငွေချီးမြှင့်ခြင်း**

တရားရုံးသည် သင့်တော်သည့်ရှေ့နေကြေးအား အောက်ပါအတိုင်းချီးမြှင့်ပါသည် :

1. ပေးအပ်ခဲ့သည့်ဂန်ဆောင်မှုများ၏ အရည်အသွေးနှင့်အမျိုးအစားအတွက် ဖြစ်ပေါ် လာသည့် အပြစ်ပေးခြင်း သို့မဟုတ် တရားခွင်ရင်ဆိုင်ခြင်းတွင်ဖြစ်သည့်အောင် မြင်သည့်အဖွဲ့အစည်း၏ သတ်မှတ်နှုန်းထားအပေါ် အခကြေးအား အခြေခံထား ရပါမည်။ ချီးမြှင့်သည့်အခကြေးငွေများတွက်ဆ ရာတွင် အပိုဆု သို့မဟုတ် အဆတိုးခြင်း ထည့်မတွက်ခြင်းကို အသုံးပြုရပါမည်။
2. အကယ်၍ အောက်ပါအတိုင်းဖြစ်ခဲ့လျှင် သင်နှင့် တရားဂင်ရေးသားသဘောတူ ထားပြီးနောက် ဆောင်ရွက်သည့်ဂန်ဆောင်မှုများအတွက် IDEA၏အပိုင်း၁ အောက်တွင်ရှိသည့် မည်ကဲ့သို့သောအပြစ်ပေးမှု သို့မဟုတ်တရားခွင်ရင်ဆိုင်မှု တွင်မဆို အခကြေးငွေများအား ချီးမြှင့်ပေးမည်မဟုတ်၊ ထို့အပြင် သက်ဆိုင်ရာ ကုန်ကျစရိတ်များအားလည်း ပြန်လည်ပေးမည်မဟုတ်ပါ။
    a. တရားခွင်ရင်ဆိုင်ခြင်းမစတင်မီ ပြက္ခဒိန်ပါရက် 10 ရက်ထက်ပိုသည့်မည်သည့်အ ချိန်တွင်မဆို ဖယ်ဒရယ်၏စည်းမျဉ်းများဖြစ်သည့် တရားမရေးရာလုပ်ထုံး လုပ်နည်း ၏ စည်းမျဉ်း 68 တွင်ဖော်ပြထားသည့် အချိန်အတွင်း သို့မဟုတ်၊ အထူးကြားနာ ဖြေရှင်းခြင်းသို့မဟုတ် ပြည်နယ်အဆင့်ပြန်လည်သုံးသပ်သည့်ပြဿနာတွင်ကမ်း လှမ်းချက်အား ပြုလုပ်ထားသည်၊
    b. ပြက္ခဒိန်ပါရက် 10 အတွင်းကမ်းလှမ်းချက်အားလက်ခံထားခြင်းမ ရှိပါ၊**နှင့်**
    c. သင်နောက်ဆုံးရရှိခဲ့သော သက်သာခွင့်သည် သဘောတူညီမှုကမ်းလှမ်းချက်ထက် ပိုပြီးနစ်သက်စရာမကောင်းဟု တရားရုံးမှ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာတရား ရုံးကြားနာရေးအရာရှိမှ တွေ့ရှိသည်။

    သင်အောင်မြင်ပြီး သဘောတူညီချက်ကမ်းလှမ်းချက် ငြင်းဆိုခြင်းတွင်သင်အား အပြည့်အဝမှန်ကန်ပါသည်ဟုသတ်မှတ်ခြင်းခံရလျှင် ယင်းကန့်သတ်ချက်များအစား ရှေ့နေကြေးနှင့်သက်ဆိုင်ရာကုန်ကျစရိတ်များချီးမြှင့်ခြင်းအား သင့်အတွက် ဆောင်ရွက်ပေးရပါမည်။
3. တရားရုံး၏စွက်ဖက်မှုမပါသောအဖွဲ့အစည်းအတွင်းစီရင်ချက်ချမှတ်ခြင်း သို့မဟုတ် ရုံးတော်မှလုပ်ဆောင်ချက်တစ်ရပ်၏ ရလဒ်အနေဖြင့် အစည်းအဝေး အားကျင်း ပခြင်းမဟုတ်ခဲ့လျှင် တစ်ဦးချင်းအလိုက် ပညာသင်ကြားရေးအစီအစဉ် (IEP) နှင့်ပတ်သတ်သည့် မည်သို့သောအစည်းအဝေးကိုမဆို အခကြေးငွေများ ချီးမြှင့်ပေးမည်မဟုတ်ပါ။

    **ပြဿနာဖြေရှင်းခြင်းဖြစ်စဉ်**ခေါင်းစဉ်အောက်တွင်ဖော်ပြထားသည့် ပြဿနာဖြေရှင်းခြင်းအစည်းအဝေးအား တရားရုံး၏စွက်ဖက်မှုမပါ သောအဖွဲ့အ စည်းအတွင်းစီရင်ချက်ချမှတ်ခြင်း သို့မဟုတ် ရုံးတော်မှလုပ်ဆောင်ချက်တစ်ရပ်၏ ရလဒ်အနေဖြင့် စီစဉ်ထားသည့်အစည်းအဝေးတစ်ခုအဖြစ် သတ်မှတ်ထားခြင်းမရှိပါ၊ ထို့နောက် ယင်းရှေ့နေကြေးသတ်မှတ်ချက်များ၏ ရည်ရွယ်ချက်အတွက်တရားရုံး ၏ စွက်ဖက်မှုမပါသောအဖွဲ့အစည်းအတွင်းစီရင်ချက်ချမှတ်ခြင်း သို့မဟုတ်ရုံးတော် မှလုပ်ဆောင်ချက်တစ်ရပ်အဖြစ်လည်း သတ်မှတ်ထားခြင်းမရှိပါ။

အကယ်၍တရားရုံးသည်အောက်ပါအတိုင်းတွေ့ရှိခဲ့လျှင် IDEA ၏အပိုင်း ၁အောက်တွင် ချီးမြှင့်ရှေ့နေကြေးအရေအတွက်အား သင့်တော်သည့်အတိုင်း တရားရုံးမှ ပြန်လည်လျှော့ချရပါသည်။

1. လုပ်ဆောင်မှုတလျှောက် သို့မဟုတ် တရားခွင်ရင်ဆိုင်မှုအတောအတွင်း အငြင်းပွား မှု၏နောက်ဆုံးပြဿနာဖြေရှင်းခြင်းအား သင်သို့မဟုတ် သင့်ရှေ့နေသည် သဘာဝ မကျစွာကြန့်ကြာစေခဲ့သည်၊
2. တနည်းနည်းဖြင့်ချီးမြှင့်ရန်အခွင့်အာဏာရထားသည့် ရှေ့နေကြေးအရေ အတွက်သည် အလားတူဂန်ဆောင်မှုများအတွက် အဖွဲ့အစည်းအား အောင်မြင်မှု ပေးသည့် သင့်တော်သောတူညီသည့်အရည်အချင်း၊ နာမည် ကျော်ကြားမှု၊ နှင့် အတွေ့အကြုံရှိ ရှေ့နေ၏ နာရီပိုင်းနှုန်းထားထက် ကျော်လွန်နေသည်၊

3. လုပ်ဆောင်မှုသို့မဟုတ် တရားခွင်ရင်ဆိုင်မှုသဘောသဘာဝ အားထည့်သွင်း စဉ်းစားလျှင် အသုံးပြုထားသည့်အချိန်နှင့် တရားဝင်လုပ်ဆောင်ထားသည့် ဝန်ဆောင်မှုများသည် အလွန်များပြားနေသည်၊ **သို့မဟုတ်**
4. ***အထူးစောအကာကွက်ခြင်း*** ခေါင်းစဉ်အောက်တွင်ဖော်ပြထားသည့်အတိုင်း အထူးကြားနာဖြေရှင်းခြင်းတောင်းဆိုချက်အသိပေးစာတွင် သင့်တော်သည့်အ ချက်အလက်များအား ခရိုင်ပညာရေးဌာနသို့ သင်ပေးအပ်ထားခြင်းမရှိဟု ရှေ့နေမှ ထွက်ဆိုထားသည်။

သို့သော် ပြည်နယ် သို့မဟုတ် ခရိုင်ပညာရေးဌာနသည် လုပ်ဆောင်မှုသို့မဟုတ် တရားခွင်ရင်ဆိုင်မှု၏နောက်ဆုံးပြဿနာဖြေရှင်းချက်အား သဘာဝမကျ စွာကြန့် ကြာနေစေခဲ့သည် သို့မဟုတ် IDEA ၏အပိုင်း ခ ၏ ဘေးအန္တရာယ်ကာ ကွယ်ရေး သတ်မှတ်ချက်များအောက်တွင် ချိုးဖောက်မှုများရှိနေသည်ဟု တရားရုံး မှတွေ့ ရှိခဲ့လျှင် အခကြေးငွေအား တရားရုံးမှ လျှော့ချမည်မဟုတ်ပါ။

# မသန်စွမ်းသည့်ကလေးငယ်များအားစည်းကမ်းချိုးဖောက်သဖြင့်ပြစ်ဒဏ် ပေးအပ်ချိန်တွင်လုပ်ထုံးလုပ်နည်းများ

## ကျောင်းမှတာဝန်ရှိသူများ၏လုပ်ပိုင်ခွင့်အာဏာ

## 34 CFR §300.530

### ပြဿနာတစ်ခုပြီးတစ်ခုစီရင်ခြင်း

ကျောင်းသားလိုက်နာလုပ်ဆောင်ရေးကျင့်ဝတ်အား ချိုးဖောက်ထားသည့် မသန်စွမ်း သောကလေးငယ်တစ်ဦးအတွက် သင့်တော်သည်ဟု သတ်မှတ်ထားသော ပြစ်ဒဏ် ပေးခြင်းနှင့်သက်ဆိုင်သောအောက်ပါလိုအပ်ချက်များအရ ပြုလုပ်ထားသည့်အတန်း နေရာချမှုပြောင်းလဲခြင်းအား ဆုံးဖြတ်ချက်ချနေသည့်အချိန်တွင် ပြဿနာတစ်ခုပြီး တစ်ခုအပေါ်အခြေခံ၍ မည်သည့်ထူးကဲသည့်အခြေအနေမျိုးများကိုမဆို ကျောင်းမှ တာဝန်ရှိသူများက ထည့်သွင်းစဉ်းစားရပါမည်။

### အထွေထွေ

သန်စွမ်းသည့်ကလေးငယ်များအားလည်း ထိုကဲ့သို့အပြစ်ပေးသည့် ပမာဏနှင့် ကိုက်ညီစေရန် ဆက်တိုက် **ကျောင်းတက်ရက် 10 ရက်** ထက် မပိုစေပဲ ကျောင်းမှတာဝန်ရှိသူက ကျောင်းသားလိုက်နာလုပ်ဆောင်ရေးကျင့်ဝတ်ချိုး ဖောက်ထားသည့် မသန်စွမ်းသောကလေးငယ်တစ်ဦးအား သူ သို့မဟုတ် သူမ၏ လက်ရှိအတန်းနေရာချထားမှုမှ သင့်တော်သည့် သတ်မှတ်ထားသော အချိန်တစ်ရပ်အတွင်း သီးခြားပညာရေးသင်ကြားသည့်နေရာ၊ အခြားနေရာ၊ သို့မဟုတ် ကျောင်းမှခေတ္တထုတ်ပယ်ခြင်းသို့ ရွေ့ပြောင်းထားရပါမည်။ ယင်းဖယ်ရှားမှုများသည်အတန်းနေရာချထားမှုပြောင်းလဲခြင်းအားတရား ဝင်လုပ်ပိုင်ခွင့်မပေးသည့်ကာလတလျှောက်သီးခြားစည်းကမ်း ဖောက်ဖျက်သည့်အ မူအကျင့်ပြဿနာများအတွက် အလားတူပညာသင်နှစ်တွင် ဆက်တိုက် **ကျောင်းတက်ရက် 10 ရက်** ထက်မပိုစေပဲ ကလေးအား ထပ်မံကျောင်းမှ ထုတ်ပယ်ခြင်းများကို ကျောင်းဘက်မှ ပြစ်ဒဏ်အဖြစ်လည်းချမှတ်ရပါမည် (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ကြည့်ရှုရန် ***စည်းကမ်းချိုးဖောက်သဖြင့် ပြစ်ဒဏ်ပေးခြင်းအဖြစ် ဖယ်ရှားခြင်းများကြောင့်အတန်းနေရာချထားမှုပြောင်းလဲခြင်း*** )။

အလားတူပညာသင်နှစ်အတွင်း မသန်စွမ်းသည့်ကလေးအား သူသို့မဟုတ်သူမ ၏လက်ရှိအတန်းနေရာမှ စုစုပေါင်း **ကျောင်းတက်ရက် 10 ရက်** ကြာ ထုတ်ပယ်ခဲ့ပြီးသည်နှင့်တပြိုင်နက် ၎င်းပညာသင်နှစ်အတွင်း ဖယ်ရှားမှုများ၏ မည်သည့်နောက်ပိုင်းရက်များအတွင်းတွင် ခရိုင်ပညာရေးဌာနသည် ***ဝန်ဆောင်မှု များ*** ခေါင်းစဉ်ခွဲအောက်တွင် ဖော်ပြထားချက်အရ လိုအပ်သည့်ပမာဏအတိုင်း ဝန်ဆောင်မှုများပေးအပ်ရပါမည်။

### ထပ်လောင်းလုပ်ပိုင်ခွင့်အာဏာ

ကျောင်းသားလိုက်နာလုပ်ဆောင်ရေးကျင့်ဝတ် ချိုးဖောက်ထားသည့်အမူအကျင့် သည် ကလေးငယ်၏မသန်စွမ်းမှုကြောင့်ဖြစ်လာနိုင်သည့်လုပ် ဆောင်ချက်မဟုတ်ခဲ့ လျှင် (**ကလေး၏အမူအကျင့်သည်ကလေးတွင်ရှိနေသည့်မသန်စွမ်းမှုကြောင့်ဟုတ်မဟုတ်ဆုံးဖြတ်ခြင်း** အောက်တွင်ကြည့်ရှုရန်) နှင့် ပြစ်ဒဏ်ပေးသည့် အနေဖြင့် အတန်းနေရာချထားမှုအား ပြောင်းလဲမှုသည်ဆက်တိုက် **ကျောင်း တက်ရက် 10 ရက်** ထက်ကျော်လွန်သွားခဲ့လျှင် သန်စွမ်းသည့်ကလေးငယ်များ အား အရေးယူသည့်ပမာဏအတိုင်း နှင့် အချိန်ကာလအတိုင်း ပြစ်ဒဏ်ပေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးချ၍ ယင်းမသန်စွမ်းသည့်ကလေးငယ်အား အရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော် အောက်တွင်ပါရှိသော ***ဝန်ဆောင်မှု များ*** ဆိုသည့် ခေါင်းစဉ်တွင်ဖော်ပြထားသည့်အတိုင်း ယင်းကလေးအား ခရိုင်ပ ညာရေးဌာနမှ ပညာရေးဝန်ဆောင်မှုများအား ဆက်လက်ပေးအပ်ရမည်ဖြစ်သည်။ ကလေး၏ IEP အဖွဲ့သည် ထိုကဲ့သို့သောဝန်ဆောင်မှုများအတွက် သီးခြားပညာရေး သင်ကြားသည့်နေရာအား ထည့်သွင်းစဉ်းစားပေးပါသည်။

### ဝန်ဆောင်မှုများ

ကလေး၏လက်ရှိအတန်းနေရာမှ ထုတ်ပယ်ထားသည့် မသန်စွမ်းသည့်ကလေး ငယ်အား ပေးအပ်ရမည်ဖြစ်သည့် ဝန်ဆောင်မှုများကို သီးခြားပညာရေးသင်ကြား သည့်နေရာအတွင်း ပေးအပ်ရပါမည်။

အလားတူထုတ်ပယ်ခြင်းခံရသော သန်စွမ်းသည့်ကလေးငယ်ထံ ဝန်ဆောင်မှုများ ပေးအပ်ခဲ့လျှင် ယင်းပညာသင်နှစ်တွင် **ပညာသင်ရက် 10ရက် သို့မဟုတ် ထက်လျော့နည်းသည့်ရက်ပေါင်း** ကြာအောင်သူသို့မဟုတ်သူမ၏ လက်ရှိအ တန်းနေရာမှ ထုတ်ပယ်ခဲ့ပြီးဖြစ်သော မသန်စွမ်းသည့်ကလေးအားဝန်ဆောင်မှုများ ပေးအပ်ရန် ခရိုင်ပညာရေးဌာနကိုသာ လိုအပ်ပါသည်။

**ပညာသင်ရက်** 10ရက် **ကျော်** ကြာအောင် ကလေး၏လက်ရှိအ တန်းနေရာမှဖယ်ရှားခြင်းခံရသည့်မသန်စွမ်းသည့်ကလေးနှင့်ကလေး၏ မသန်စွမ်း မှုကြောင့်ဖြစ်လာသည့်လုပ်ဆောင်ချက်မဟုတ်သည့် အမှုအကျင့်ရှိသည့်ကလေး ( **ကလေး၏အမှုအကျင့်သည် ကလေးတွင်ရှိနေသည့်မသန်စွမ်းမှုကြောင့် ဟုတ်မဟုတ်ဆုံးဖြတ်ခြင်း** ဟူသော ခေါင်းစဉ်ခွဲသို့ကြည့်ရှုရန်) သို့မဟုတ် အထူးဖြစ်ရပ်များ အောက်တွင် ဖယ်ရှားခြင်းခံရသည့် မသန်စွမ်းသည့်ကလေး (,**အထူးဖြစ်ရပ်များ** ဟူသောခေါင်းစဉ်ခွဲသို့ ကြည့်ရှုရန်) သည် :

1. အခြားသောနေရာ(သီးခြားပညာသင်ကြားသည့်နေရာဖြစ်သည့်)တွင်ဖြစ်သော်လည်းအထွေထွေပညာရေးသင်ခန်းစာအတွင်း ပါဝင်ခြင်းနှင့်ကလေး၏ IEP **နှင့်** တွင်သတ်မှတ် သောပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် ရှေ့ဆက်တိုး တက်မှုကို ဆက်လက်လုပ် ဆောင်ရန် ယင်းကလေးအား ခွင့်ပြုထားသည့်အတိုင်း ပညာရေးဝန်ဆောင်မှုများ ဆက်လက် လက်ခံရရှိရပါမည် (သင့်တော်သောအများ ပည်သူအခမဲ့ပညာရေး ရယူနိုင်ပါသည်)။
2. ၄င်းအားထပ်မံဖြစ်ပေါ်ခြင်းမရှိစေရန် အမှုအကျင့်ချိုးဖောက်ခြင်းဖြေရှင်းရန် ပုံစံသွင်းပေးသည့် အမှုအကျင့်တိုးတက်ကောင်းမွန်ရေးဝန်ဆောင်မှုများနှင့် ပြုပြင်မွမ်းမံမှုများ၊ နှင့် လှုပ်ရှားနိုင်သည့်အင်္ဂါရပ်များ၏အမှုအကျင့်အကဲဖြတ်ခြင်းအား သင့်တော်သည့်အတိုင်း လက်ခံရရှိပါမည်။

အလားတူပညာသင်နှစ်တွင် **ကျောင်းတက်ရက် 10 ရက်** ကြာအောင် သူ သို့မဟုတ် သူမ၏ လက်ရှိအတန်းနေရာမှ မသန်စွမ်းသည့်ကလေးအား ထုတ်ပယ်ခဲ့ ပြီးနောက်၊ နှင့် **အကယ်၍** လက်ရှိအတန်းနေရာမှ ထုတ်ပယ်ခြင်း သည် ဆက်တိုက် **ကျောင်းတက်ရက် 10 ရက်** သို့မဟုတ် ထပ်နည်းပါး ကြာနေလျှင် **နှင့်** အကယ်၍ ထုတ်ပယ်ခြင်းသည် အတန်းနေရာချထားမှု ပြောင်းလဲခြင်းမဟုတ်ခဲ့လျှင် (အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်တွင်ကြည့်ရှုရန်) **ထိုစဉ်တွင်** နှင့် ကလေး၏ IEP တွင် သတ်မှတ်သောပန်းတိုင် ရောက်ရှိနိုင်ရေးအတွက် ရှေ့ဆက်တိုးတက်မှုကို ဆက်လက်လုပ်ဆောင်ရန် ယင်းကလေးအား ခွင့်ပြုထားသည့် လိုအပ်သောဝန်ဆောင်မှုများအား ပမာဏမည်မျှရှိမည်ကို တွေ့ဆုံဆွေးနွေးရာမှ ကလေး၏အနည်းဆုံး ကျောင်းဆရာတစ်ဦးဖြစ်သည့် ကျောင်းမှတာဝန်ရှိသူများက ဆုံးဖြတ်ပါသည်။

ထုတ်ပယ်ခြင်းသည် အတန်းနေရာချထားမှုပြောင်းလဲခြင်းဖြစ်ခဲ့လျှင် ( **စည်းကမ်းချိုးဖောက်သဖြင့်ပြစ်ဒဏ်ပေးသည့်အနေဖြင့်ထုတ်ပယ်ခြင်းများကြောင့်နေရာချထားမှုပြောင်းလဲခြင်း**ခေါင်းစဉ်အောက်တွင်ကြည့်ရှုရန်) အခြားသောနေရာ(သီးခြားပညာသင်ကြားသည့်နေရာဖြစ်သည့်)တွင်ဖြစ်သော်လည်းအထွေထွေပညာရေးသင်ခန်းစာအတွင်း ပါဝင်ခြင်း နှင့် ကလေး၏ IEP တွင် သတ်မှတ်သောပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် ရှေ့ဆက်တိုးတက်မှုကို ဆက်လက်လုပ်ဆောင်ရန် ယင်းကလေးအား ခွင့်ပြုထားသည့် သင့်တော်သည့်ဝန်ဆောင်မှုများအား ကလေး၏ IEP အဖွဲ့မှဆုံးဖြတ်ပေးပါသည်။

### ကလေး၏အမှုအကျင့်သည် ကလေးတွင်ရှိနေသည့်မသန်စွမ်းမှုကြောင့် ဟုတ်မဟုတ်ဆုံးဖြတ်ခြင်း

ကျောင်းသားလိုက်နာလုပ်ဆောင်ရေးကျင့်ဝတ်ချိုးဖောက်ခြင်းကြောင့် မသန်စွမ်း သည့်ကလေး၏ အတန်းနေရာချထားမှုပြောင်းလဲရန် မည်သည့်ဆုံးဖြတ်ချက်မဆို ချမှတ်သည့် **ကျောင်းတက်ရက် 10 ရက်** အတွင်း (ဆက်တိုက် **ကျောင်း တက်ရက် 10 ရက်** သို့မဟုတ် ထက်နည်းသည့်ရက်ကြာ ထုတ်ပယ်ထား ခြင်း နှင့် အတန်းနေရာချထားမှုပြောင်းလဲခြင်းမရှိမှု တို့မှအပ) ကလေး၏ IEP မည်သည့် ကျောင်းဆရာ၏ထင်မြင်ချက်များကိုမဆို၊ နှင့် သင်ထည့်သွင်းစဉ်းစားရန် ပေးထား သည့်မည်ကဲ့သို့သောသက်ဆိုင်ရာအချက်အလက်များ အပါအဝင် ကျောင်းသား၏ မှတ်တမ်းဖိုင်ထဲရှိ သက်ဆိုင်ရာအချက်အလက်များအားလုံးကို ခရိုင်ပညာရေးဌာန၊ သင်၊ နှင့် IEP အဖွဲ့၏အခြားသက်ဆိုင်ရာအဖွဲ့ဝင်များ (သင်နှင့်ခရိုင်ပညာရေးဌာနမှ ဆုံးဖြတ်ထားသည့်အတိုင်း) တို့သည် ပြန်လည်သုံးသပ်ရပါမည်။

1. ကလေး၏မသန်စွမ်းမှုကြောင့် ကျင့်ဝတ်ဆိုင်ရာမေးခွန်းဖြစ်ပေါ်လာသည် သို့မဟုတ် ကလေး၏မသန်စွမ်းမှုနှင့် ၄င်းအားတိုက်ရိုက်နှင့်အကျိုး ဆက်ပတ်သတ်မှု များရှိ နေလျှင်၊ **နှင့်**
2. ကျင့်ဝတ်ဆိုင်ရာမေးခွန်းသည် ကလေး၏ IEP တရားဝင်စတင်ရန် ခရိုင်ပညာရေးဌာ န၏ ပျက်ကွက်မှု၏ တိုက်ရိုက်ရလဒ်ဖြစ်နေလျှင်

၄င်းကဲ့သို့သောအခြေအနေတစ်ခုမဟုတ် တစ်ခုနှင့်ကိုက်ညီမှုမရှိဟု ခရိုင်ပညာ ရေးဌာန၊ သင်၊ နှင့် ကလေး IEP အဖွဲ့၏သက်ဆိုင်ရာအဖွဲ့ဝင်များမှ ဆုံးဖြတ်ခဲ့လျှင် ၄င်းကျင့်ဝတ်အား ကလေး၏မသန်စွမ်းမှုကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

ကျင့်ဝတ်ဆိုင်ရာမေးခွန်းသည် ကလေး၏ IEP တရားဝင်စတင်ရန် ခရိုင်ပညာရေး ဌာန၏ ပျက်ကွက်မှု၏ တိုက်ရိုက်ရလဒ်ဖြစ်နေသည်ဟု ခရိုင်ပညာရေးဌာန၊ သင်၊ နှင့် ကလေး IEP အဖွဲ့၏သက်ဆိုင်ရာအဖွဲ့ဝင်များမှ ဆုံးဖြတ်ခဲ့လျှင် ခရိုင်ပညာရေး ဌာနသည် ထိုမှားယွင်းမှုများအား ဖြေရှင်းရန် လုပ်ဆောင်မှုချက်ချင်းပြုလုပ်ရပါမည်။

### အကျင့်စရိုက်သည် ကလေး၏မသန်စွမ်းမှုကြောင့်ဖြစ်ပေါ်လာခြင်းဟုဆုံးဖြတ်ခြင်း

၄င်းကျင့်ဝတ်သည် ကလေး၏မသန်စွမ်းမှုကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ခရိုင်ပညာရေးဌာန၊ သင်၊ နှင့် ကလေး IEP အဖွဲ့၏သက်ဆိုင်ရာအဖွဲ့ဝင်များမှ ဆုံးဖြတ်ခဲ့လျှင် IEP အဖွဲ့သည် :

1. နေရာချထားမှုပြောင်းလဲခြင်းဖြစ်ပေါ်စေသည့် အမှုအကျင့်မတိုင်မီ လှုပ်ရှားနိုင်သည့် အင်္ဂါရပ်များ၏အမှုအကျင့်အကဲဖြတ်ခြင်း နှင့် ကလေးအတွက် အမှုအကျင့်တိုး တက်ကောင်းမွန်ရေးအစီအစဉ်တစ်ရပ်အား တရားဝင်စတင်ခြင်းအား ခရိုင်ပညာ ရေးဌာမှ ဦးစီးဆောင်ရွက်ပေးခဲ့ခြင်းမရှိလျှင် လှုပ်ရှားနိုင်သည့်အင်္ဂါရပ်များ ၏အမှုအ ကျင့်အကဲဖြတ်ခြင်းအား ဦးစီးဆောင်ရွက်ရပါမည်။
2. အမှုအကျင့်တိုးတက်ကောင်းမွန်ရေးအစီအစဉ်အား ဆောင်ရွက်ပြီးဖြစ်ခဲ့လျှင် ၄င်းအ မှုအကျင့်အား ဖြေရှင်းရန် လိုအပ်သည့်အတိုင်း အမှုအကျင့်တိုးတက် ကောင်းမွန် ရေး အစီအစဉ်အား ပြန်လည်သုံးသပ်ခြင်းနှင့် ပြုပြင်မွမ်းမံရမည်ဖြစ်ပါသည်။

***အထူးဖြစ်စဉ်များ***ဟူသောခေါင်းစဉ်ခွဲအောက်တွင် ဖော်ပြထားသည့်အ တိုင်းမှအပ အမူအကျင့်တိုးတက်ကောင်းမွန်ရေးအစီအစဉ်အား ပြုပြင်မွမ်းမံခြင်း၏ တစိတ်တပိုင်းအနေဖြင့် သင်နှင့်ခရိုင်သည် နေရာချထားမှုပြောင်းလဲခြင်းအား သဘောတူညီမှုမရှိခဲ့လျှင် ကလေးအားထုတ်ပယ်ထားသည့်အတန်းနေရာသို့ ခရိုင်ပညာရေးဌာနသည် ပြန်လည်နေရာချပေးရပါမည်။

***အထူးဖြစ်စဉ်များ***

အကျင့်စရိုက်သည် ကလေး၏မသန်စွမ်းမှုကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်မဖြစ်သည်တွင် ကလေး သည်အောက်ပါအတိုင်းပြုလုပ်ခဲ့လျှင် ကျောင်းတက်ရက် 45 ရက်ကျော်ကြာ သီးခြားပညာသင်ကြားသည့်နေရာ (ကလေး၏ IEP အဖွဲ့မှ ဆုံးဖြတ်ထားသော) သို့ ကျောင်းသားအား ကျောင်းမှတာဝန်ရှိသူက ထုတ်ပယ်ထားရပါမည်။

1. ကလေးသည် ကျောင်းသို့ လက်နက်တစ်ခု (အဓိပ္ပာယ်ဖွင့်ဆိုချက်အား အောက်တွင်ကြည့်ရှုရန်) ကိုင်ဆောင်လာလျှင် သို့မဟုတ် ပြည်နယ်ပညာရေးအေ ဂျင်စီ သို့မဟုတ် ခရိုင်ပညာရေးဌာန၏ တရားစီရင်ပိုင်ခွင့်အောက်တွင် ရှိသည့် ကျောင်းအတွင်း၊ ကျောင်းဝန်းအတွင်း၊ သို့မဟုတ် ကျောင်း၏လှုပ်ရှားမှုတွင်ကလေး သည် လက်နက်တစ်ခုရှိနေလျှင်၊
2. ပြည်နယ်ပညာရေးအေဂျင်စီ သို့မဟုတ် ခရိုင်ပညာရေးဌာန၏ တရားစီရင်ပိုင်ခွင့် အောက်တွင် ရှိသည့် ကျောင်းအတွင်း၊ ကျောင်းဝန်းအတွင်း၊ သို့မဟုတ် ကျောင်း၏ လှုပ်ရှားမှုထဲသို့ ရှိနေစဉ်တွင် ကလေးသည် သိသာစွာ တရားမဝင်သည့်ဆေးဝါးများ ရှိနေလျှင်သို့မဟုတ်အသုံးပြုနေလျှင် (အဓိပ္ပာယ်ဖွင့်ဆိုချက်အား အောက်တွင်ကြည့် ရှုရန်)၊ သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်ရှိသည့်ဆေးဝါးများ (အဓိပ္ပာယ်ဖွင့်ဆို ချက်အား အောက်တွင်ကြည့်ရှုရန်) ရောင်းနေလျှင် သို့မဟုတ် ရောင်းချခြင်းအား မြှုဆွယ်လျှင်၊
3. ပြည်နယ်ပညာရေးအေဂျင်စီ သို့မဟုတ် ခရိုင်ပညာရေးဌာန၏ တရားစီ ရင်ပိုင်ခွင့် အောက်တွင် ရှိသည့် ကျောင်းအတွင်း၊ ကျောင်းဝန်းအတွင်း၊ သို့မဟုတ်ကျောင်း ၏လှုပ်ရှားမှုထဲသို့ ရှိနေစဉ်တွင် ကလေးသည် အခြားပုဂ္ဂိုလ်အပေါ် ပြင်းထန်သော ကိုယ်ခန္ဓာပိုင်းဒဏ်ရာ (အဓိပ္ပာယ်ဖွင့်ဆိုချက်အား အောက်တွင်ကြည့်ရှုရန်) ရရှိစေခဲ့လျှင်

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

*ထိန်းချုပ်မှုအောက်တွင်ရှိသည့်ဆေးဝါးများ* ဆိုသည်မှာ ထိန်းချုပ်မှု အောက်တွင်ရှိသည့်ဆေးဝါးများဆိုင်ရာ အက်ဥပဒေ(21 U.S.C. 812(c)) ၏ ပုဒ်မ 202(c) ထဲရှိ အချိန်သတ်မှတ်ချက် I, II, III, IV, သို့မဟုတ် V အောက်တွင် အကျုံးဝင်သည့် ဆေးဝါး သို့မဟုတ် အခြားပစ္စည်းဟု အဓိပ္ပာယ်ရပါသည်။ 812(c)).

*တရားမဝင်သည့်ဆေးဝါး* ဆိုသည်မှာ ထိန်းချုပ်မှုအောက်တွင်ရှိ သည့်ဆေး ဝါးဖြစ်သော်လည်း လိုင်စင်ရှိကျွမ်းကျင်သည့်ကျန်းမာရေးစောင့်ရှောက်မှု၏ကာ ကွယ်ထိန်းသိမ်းရန်တာဝန်အောက်တွင် တရားဝင်ပိုင်ဆိုင်ထားသည့် သို့မဟုတ် အသုံးပြုထားသည့် ထိန်းချုပ်မှုအောက်တွင်ရှိသည့်ဆေးဝါး သို့မဟုတ် ယင်းအက်ဥ ပဒေအောက်တွင်ရှိသည့် မည်သို့သော အခြားအခွင့်အာဏာ အောက်တွင်သို့ မ ဟုတ် ဖယ်ဒရယ်ဥပဒေ၏မည်သို့သော အခြားသတ်မှတ်ချက်အောက်တွင်တရား ဝင်ပိုင်ဆိုင်ထားသည့် သို့မဟုတ် အသုံးပြုထားသည့် ထိန်းချုပ်မှုအောက်တွင်ရှိ သည့်ဆေးဝါး မပါဝင်ပါ။

*ပြင်းထန်သောကိုယ်ခန္ဓာပိုင်းဒဏ်ရာ* သည် အမေရိကန်ပြည်ထောင်စု ကုဒ်၊ ခေါင်းစဉ် 18 ၏ ပုဒ်မ 1365 ရှိပုဒ်မခွဲ (h) ၏ စာပိုဒ် (3) အောက်တွင် "ပြင်းထန် သောကိုယ်ခန္ဓာပိုင်းဒဏ်ရာ" ဟုပေးထားသောဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိ ပါသည်။

*လက်နက်* သည် အမေရိကန်ပြည်ထောင်စု ကုဒ်၊ ခေါင်းစဉ် 18 ၏ ပုဒ်မ 930 ရှိ ပထမပုဒ်မခွဲ (ဆ) ၏ စာပိုဒ် (2) အောက်တွင် "အန္တရာယ်ရှိသောလက်နက်" ဟုပေးထားသောဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိပါသည်။

**သတိပေးချက်**

ကျောင်းသားလိုက်နာလုပ်ဆောင်ရေးကျင့်ဝတ်အား ချိုးဖောက်မှုကြောင့်ကလေး၏ အတန်းနေရာချထားမှုပြောင်းလဲခြင်းဖြစ်သောထုတ်ပယ်ခြင်းပြုလုပ်ရန်ဆုံးဖြတ်ချက်ချမှတ်သည့်နေ့စွဲတွင်ခရိုင်ပညာရေးဌာနသည်ယင်းဆုံးဖြတ်ချက် အကြောင်း သင့်အား အသိပေးရမည်ဖြစ်ပြီး ဘေးအန္တရာယ်ကာကွယ်ရေး အသိပေးစာကို သင့်အားပေးရမည်ဖြစ်ပါသည်။

# စည်းကမ်းချိုးဖောက်သဖြင့်ပြစ်ဒဏ်ပေးသည့်အနေဖြင့်ထုတ်ပယ်ခြင်းများကြောင့် နေရာချထားမှုပြောင်းလဲခြင်း

## 34 CFR §300.536

အကယ်၍ အောက်ပါအတိုင်းဖြစ်ခဲ့လျှင် သင့်ကလေး၏လက်ရှိပညာရေးအတန်းနေ ရာမှ မသန်စွမ်းသည့်သင့်ကလေးအား ထုတ်ပယ်ခြင်းသည် **အတန်းနေရာချ ထားမှုပြောင်းလဲခြင်း**ပဲဖြစ်ပါသည်။

1. ထုတ်ပယ်ခြင်းသည် ဆက်တိုက် ကျောင်းတက်ရက် 10 ရက်ထက် ပိုကြာနေ သည်၊ **သို့မဟုတ်**
2. သင့်ကလေးအား ပုံစံခွက်ထဲအကျုံးဝင်သည့် ထုတ်ပယ်ခြင်းအစဉ်လိုက်ဖြစ်စဉ်အား ရင်ဆိုင်စေပြီးဖြစ်ပါသည်။ အကြောင်းပြချက်မှာ :
   a. ထုတ်ပယ်ခြင်းအစဉ်လိုက်ဖြစ်စဉ်စုစုပေါင်းမှာ ပညာသင်နှစ်တစ်နှစ်တွင်ကျောင်း တက်ရက် 10 ရက်ထက်ပိုနေသည်၊
   b. သင့်ကလေး၏အကျင့်စရိုက်သည် မကြာသေးခင်က ထုတ်ပယ်ခြင်းအစဉ်လိုက် ဖြစ်စဉ်အား ရလဒ်ဖြစ်ပေါ်စေသည့်ပြဿနာတွင်ပါဝင်သည့် ကလေး၏အကျင့် စရိုက်နှင့်မြောက်မြားစွာတူညီမှုရှိနေသည်၊
   c. ထပ်လောင်းအချက်များဖြစ်သည့် ထုတ်ပယ်မှုတစ်ခုချင်းစီ၏ကြာချိန်၊ ကလေးအား ထုတ်ပယ်သည့်အချိန်ပမာဏစုစုပေါင်း၊ နှင့် ထုတ်ပယ်ခြင်းတစ်ခုမှ နောက်တစ်ခု၏ ခန့်မှန်းချေကြာချိန်စသည့်အချက်များကြောင့်ဖြစ်ပါသည်။

ထုတ်ပယ်ခြင်းပုံစံသည် အတန်းနေရာချထားမှုပြောင်းလဲခြင်းအား လုပ်ပိုင်ခွင့်ရှိ သည်မရှိသည်ကို ခရိုင်ပညာရေးဌာနသည် ပြဿနာတစ်ခုပြီးတစ်ခု၏အခြေခံပေါ်တွင် ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ပါသည်။ စိန်ခေါ်မှုရှိခဲ့လျှင် ၎င်းသည်အထူးကြားနာဖြေရှင်းခြင်းနှင့် တရားခွင်ရင်ဆိုင်ခြင်းအား ပြန်လည်သုံးသပ်ခြင်းအပေါ် မူတည်ပါသည်။

## အနေအထားအား ဆုံးဖြတ်ခြင်း

## 34 CFR § 300.531

တစ်ဦးချင်းအလိုက် ပညာသင်ကြားရေး အစီအစဉ် (IEP) အဖွဲ့ သည် ***ထပ်လောင်း လုပ်ပိုင်ခွင့်အာဏာ*** နှင့် ***အထူး ဖြစ်ရပ်များ*** ဆိုသည့် ခေါင်းစဉ်ခွဲအရ ထုတ်ပယ်ခြင်းများနှင့် **အတန်းနေရာချထားမှုအား ပြောင်းလဲခြင်း** ဆိုသည့် ထုတ်ပယ်ခြင်းများအတွက် ယာယီဖြစ်သော အခြား ပညာသင်ကြားရေး အနေအထားတစ်ခုကို ဆုံးဖြတ်မည်ဖြစ်သည်။

## အယူခံဝင်ခြင်း

## 34 CFR § 300.532

### အထွေထွေ

သင်သည် အောက်ပါအချက်များနှင့် သဘောမတူညီခဲ့ပါက အထူးကြားနာ ဖြေရှင်းမှုတစ်ရပ်အား တောင်းခံရန် သင်သည် အထူးစောဒကတက်မှုတစ်ရပ်ကို တင်သွင်းနိုင်သည် ( **အထူးစောဒကတက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ)**

1. ယင်း စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအောက်တွင် ပြုလုပ်သော အတန်း နေရာချထားခြင်းနှင့် စပ်လျဉ်းသည့် မည်သည့်ဆုံးဖြတ်ချက်များနှင့်မဆို **သို့ မ ဟုတ်**
2. အထက်တွင်ဖော်ပြထားသည့် ကလေး၏ အမူအကျင့်သည် ကလေးတွင်ရှိနေသည့် မသန်စွမ်းမှုကြောင့် ဟုတ်မဟုတ် ဆုံးဖြတ်ခြင်းနှင့် သဘောမတူညီပါက။

ခရိုင်ပညာရေးဌာနသည် သင့်ကလေးကို လက်ရှိအတန်းနေရာတွင် ဆက်လက်ချထားပေးခြင်းသည် ကလေးအား သို့ မဟုတ် အခြားသူများအား အကြီးအကျယ် ထိခိုက်စေမှု ဖြစ်စေနိုင်သည်ဟု ထင်မြင်ပါက ၎င်းသည် အထူးကြားနာဖြေရှင်းခြင်းတစ်ရပ်ကို တောင်းဆိုရန် အထူးစောဒကတက်မှုတစ်ရပ်ကို တင်သွင်းနိုင်သည်။

### ကြားနာဖြေရှင်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်အာဏာ

***ဘက်မလိုက်သော ကြားနာဖြေရှင်းရေး အရာရှိ*** ဆိုသည့် ခေါင်းစဉ်ခွဲတွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ပြည့်မီသည့် ကြားနာဖြေရှင်းရေးအရာရှိသည် အထူးကြားနာဖြေရှင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ချရ မည်ဖြစ်သည်။ ကြားနာဖြေရှင်းရေး အရာရှိသည်

1. ၎င်းက ထုတ်ပယ်မှုသည် ***ကျောင်းအဖွဲ့ ၏ အာဏာ*** ဆိုသည့် ခေါင်းစဉ်တွင် ဖော်ပြထားသော သတ်မှတ်ချက်များအား ချိုးဖောက်ရာရောက်သည်ဟုဆုံးဖြတ်ပါ က သို့ မဟုတ် သင့်ကလေး၏ အမူအကျင့်သည် သင့်ကလေး၏ မသန်စွမ်းမှု ကြောင့် ဖြစ်လာရသည်ဟု ဆုံးဖြတ်ပါက မသန်စွမ်းမှု ရှိနေသည့်သင့်ကလေးအား အတန်းနေရာပြန်လည်ချထားပေးရမည်၊ **<u>သို့ မဟုတ်</u>**
2. ၎င်းက သင့်ကလေးကို လက်ရှိအတန်းနေရာတွင် ဆက်လက်ချထားပေးခြင်းသည် ကလေးအား သို့ မဟုတ် အခြားသူများအား အကြီးအကျယ် ထိခိုက်စေမှု ဖြစ်စေ နိုင်သည်ဟုဆုံးဖြတ်ခဲ့လျှင် ကျောင်းတက်ရက် 45 ရက်ထက်မကျော်ပဲ မသန်စွမ်းမှု တစ်ရပ်ရှိနေသည့် သင့်ကလေးအား ယာယီ သင့်တော်သည့် ပညာသင်ကြားရေး အနေအထားတစ်ခုတွင် ပြောင်းလဲနေရာချထားပေးရန် အမိန့် ထုတ်ပြန်ရမည်။

အကယ်၍ ခရိုင်ပညာရေးဌာနမှ သင့်ကလေးအား မူလအတန်းနေရာသို့ ပြန်ပို့ ခြင်း သည် သင့်ကလေး သို့ မဟုတ် အခြားသူများအား အကြီးအကျယ်ထိခိုက်စေမှု ဖြစ်ပေါ်စေနိုင်သည်ဟု ယူဆပါက ယင်းကြားနာဖြေရှင်းရေးလုပ်ငန်းစဉ်များကို ထပ်မံလုပ်ဆောင်ရမည်ဖြစ်သည်။

ယင်းကဲ့သို ့သော ကြားနာဖြေရှင်းမှုတစ်ရပ်ကို တောင်းဆိုရန် သင် သို ့မဟုတ် ခရိုင်ပညာရေးဌာနမှ အထူးစောဒကတက်မှုတစ်ရပ်ကို တင်သွင်းခဲ့သည့်အချိန်တိုင်း အောက်ပါ အခြေအနေများမှ လွဲ၍ ***အထူးစောဒကတက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အထူးစောဒကတက်မှုများအရ ကြားနာဖြေရှင်းခြင်းများ*** ဆိုသည့် ခေါင်းစဉ်များတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကြားနာဖြေရှင်းမှုတစ်ရပ်အား ကျင်းပရမည်ဖြစ်သည်။

1. ပြည်နယ်ပညာရေးအေဂျင်စီသည် ကြားနာဖြေရှင်းမှုအား တောင်းဆိုသည့် နေ့ မှစ၍ ကျောင်းတက်ရက်ဖြစ်သော ရက်ပေါင်း 20 အတွင်း အမြန်ကျင်းပရမည်ဖြစ်သည့် အထူးကြားနာဖြေရှင်းခြင်းကို စီစဉ်ရမည်ဖြစ်ပြီး ကြားနာဖြေရှင်းမှုပြီးဆုံးပြီးနောက် ကျောင်းတက်ရက်ဖြစ်သော10 ရက်အတွင်း ဆုံးဖြတ်ချက်ကို ပေးရမည့် အခြေ အနေမျိုး။
2. အကယ်၍ သင်နှင့် ခရိုင်ပညာရေးဌာနသည် အစည်းအဝေးအား မပြုလုပ်ရန် သို့ မ ဟုတ် ကြားဝင်ညှိနှိုင်းမှုအား အသုံးပြုရန် ရေးသားချက်ဖြင့် သဘောတူညီထား မှုမရှိပါက အထူးစောဒကတက်မှု အသိပေးစာအားရရှိပြီး ပြက္ခဒိန်ပါ ရက် **<u>ခုနစ်ရက်</u>** အတွင်း ပြဿနာဖြေရှင်းရေး အစည်းအဝေးအား ကျင်းပရမည်ဖြစ်သည်။ အထူးစောဒကတက်ခြင်းလက်ခံရရှိပြီး ပြက္ခဒိန်ပါရက် 45 အတွင်း ပြဿနာအား အဖွဲ့နှစ်ဖက်စလုံး၏ ကျေနပ်အားရမှုဖြင့်ဖြေရှင်းထားပြီးမဟုတ်လျှင် ကြားနားဖြေရှင်း ရေးအား ဆက်လက်လုပ်ဆောင်ရပါမည်။
   အခြားအထူးကြားနာဖြေရှင်းချက်များအတွက် တည်ဆောက်ပေးသည့်ဖြေရှင်း သည့်လုပ်ထုံးလုပ်နည်းနှင့် မတူညီသည့် မြန်ဆန်သောအထူးကြားနာဖြေရှင်းချက်အ တွက် လုပ်ထုံးလုပ်နည်းစည်းမျဉ်းအား ပြည်နယ်အစိုးရမှ တည်ဆောက်ပေးရပါမည်။ သို့သော် အချိန်သတ်မှတ်မှုချွင်းချက်မှအပ ယင်းစည်းမျဉ်းများသည် အထူးကြားနာ ဖြေရှင်းခြင်းများအတွက်သတ်မှတ်ထားသည့် စာရွက်စာတမ်းထဲရှိ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။

အခြားသောအထူးကြားနာဖြေရှင်းချက်များတွင် ဆုံးဖြတ်ချက်များအတွက် ထိုသူတို့မှအလားတူပြုလုပ်ရသည့်နည်းလမ်းအတိုင်း မြန်ဆန်သောအထူးကြားနာ ဖြေရှင်းခြင်းတွင် သင် သို့မဟုတ် ခရိုင်ပညာရေးဌာနသည် အယူခံဝင်ရမည်ဖြစ်ပါ သည် (အပေါ် တွင်ရှိသည့် ***အယူခံဝင်ခြင်း***သို့ကြည့်ရှုရန်)။

## အယူခံဝင်မှုများ ပြုလုပ်စဉ် အတန်းနေရာချထားမှု

## 34 CFR §300.533

အထက်တွင်ဖော်ပြထားသည့်အတိုင်း သင် သို့ မဟုတ် ခရိုင်ပညာရေးဌာနသည် စည်းကမ်းချိုးဖောက်သဖြင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အထူးစောဒကတက်မှုတစ်ရပ်ကို တင်သွင်းထားခဲ့ပြီးသည့်အချိန်တွင် သင့် ကလေးသည်(အခြားနည်းလမ်းဖြင့် သင် နှင့် ပြည်နယ် ပညာရေး အေဂျင်စီ သို့ မ ဟုတ် ခရိုင်ပညာရေးဌာနသည် သဘောမတူခဲ့လျှင်) ကြားနာဖြေရှင်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကိုစောင့်ဆိုင်းနေစဉ်သော်လည်းကောင်းသို့ မဟုတ် ***ကျောင်းအဖွဲ့ ၏အာဏာ*** ဆိုသည့် ခေါင်းစဉ်တွင် ဖော်ပြထားသည့်အတိုင်း ထုတ်ပယ်ရေး အချိန်ကာလပြီးဆုံးချိန်အထိ သော်လည်းကောင်း ယင်းဖြစ်ရပ်နှစ်ခု မှ မည်သည့် ဖြစ်ရပ်က စောဖြစ်သည် ဖြစ်စေ ယာယီဖြစ်သော အခြား ပညာသင်ကြားရေး အနေအထားတစ်ခုတွင် ဆက်လက်ရှိနေရမည်။

## အထူးပညာသင်ကြားရေး နှင့်ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်များပြည့်မီမှုမရှိသေးသောကလေးများအတွက်အကာအကွယ်

## 34 CFR §300.534

**အထွေထွေ**

သင့်ကလေးသည် အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်များပြည့်မီမှုရှိသည်ဟု မသုံးသပ်ရသေးပဲ ကျောင်းသားလိုက်နာ လုပ်ဆောင်ရေး ကျင့်ဝတ်ကို ချိုးဖောက်ခဲ့သော်လည်း (အောက်တွင် ဆုံးဖြတ်ဖော်ပြ ထားသည့်အတိုင်း) စည်းကမ်းချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးရေး လုပ် ဆောင်ချက်ကို ဖြစ်ပေါ် စေသော အမူအကျင့် မတိုင်မီ သင့်ကလေးသည် မသန်စွမ်းမှုတစ်ခုရှိနေသည့် ကလေးဖြစ်သည်ကြောင်း ခရိုင်ပညာရေးဌာနသည် သိရှိထားသော် ဤအသိပေးစာတွင် ဖော်ပြထားသည့် အကာအကွယ်များကို သင့်ကလေးသည် တောင်းဆိုခွင့်ရှိသည်။

**စည်းမျဉ်းချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာကိစ္စရပ်များအတွက် အသိသညာအခြေခံ**

အောက်ပါ အချက်များအရ စည်းကမ်းချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးရေး လုပ်ဆောင်ချက်ကို ဖြစ်ပေါ် စေသော အမူအကျင့် မတိုင်မီ ခရိုင်ပညာရေးဌာနက သင့်ကလေးသည် မသန်စွမ်းမှုတစ်ခုရှိနေသော ကလေးတစ်ဦးဖြစ်ကြောင်း သိရှိပြီးဖြစ်သည်ဟု ယူဆရမည်။

1. သင်သည် သင့်တော်ရာ ပညာရေး အေဂျင်စီမှ စီမံကွပ်ကဲရေး သို့ မဟုတ် အုပ်ချုပ်ရေး အဖွဲ့ သို့  သို့ မဟုတ် သင့်ကလေး၏ ဆရာ/ဆရာမ ထံသို့ သင့်ကလေးသည် အထူးပညာသင်ကြားရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို လိုအပ်နေသည်ဟု သင့်ထင်မြင်ချက်ကို စာဖြင့်ရေးသားဖော်ပြ ပေးပို့ ခဲ့ပါက၊
2. IDEA အပိုင်း ခ အရ အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအ တွက် သတ်မှတ်ချက်များ ပြည့်ညီမှုရှိခြင်းနှင့် ပတ်သက်၍ အကဲဖြတ်မှုကို သင့်တောင်းခံခဲ့ပြီးပါက **နှင့်**
3. ကလေးရဲ့ ပြုမူပုံများမှတဆင့် ထုတ်ဖော်ပြသနေသော အမူအကျင့်ပုံစံနှင့် ပတ်သက်ပြီး သင့်ကလေး၏ ဆရာ/ဆရာမ သို့ မဟုတ် အခြား ခရိုင်ပညာရေးဌာန အဖွဲ့ မှ ၄င်းတို့ ၏ ထင်မြင်မှုကို အထူးပညာသင်ကြားရေးဆိုင်ရာ ခရိုင်ပညာရေးဌာန၏ ဒါရိုက်တာ သို့ မဟုတ် ခရိုင်ပညာရေးဌာန၏ စီမံကွပ်ကဲရေး တာဝန်ရှိ အဖွဲ့ ထံသို့  ဖော်ပြပြီးခဲ့ပါက။

**ချွင်းချက်များ**

အောက်ပါ အချက်များအရ ခရိုင်ပညာရေးဌာနသည် ယင်းနဲ့ပတ်သက်၍ သိရှိပြီးဖြစ်သည်ဟု ယူဆမည်မဟုတ်ပေ :

1. သင်သည် သင့်ကလေးအား အကဲဖြတ်ရန် သဘောတူညီမှုမရှိပါက သို့ မဟုတ် အထူးပညာရေးဝန်ဆောင်မှုများကို ငြင်းပယ်ခဲ့ပါက၊ **နှင့်**
2. IDEA အပိုင်း ခ အရ သင့်ကလေးသည် မသန်စွမ်းမှုတစ်ခုရှိနေသည် ကလေးမဟုတ်ဟု အကဲဖြတ်ပြီး ဆုံးဖြတ်ချက်ချမှတ်ထားခဲ့ပါက။

**အသိသညာအခြေခံ မရှိလျှင် ဆောင်ရွက်ရမည့် အခြေအနေများ**

သင့်ကလေးအား စည်းကမ်းချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးရေးနှင့် ပတ်သက်ပြီး အရေးယူဆောင်ရွက်ချက်များ မပြုလုပ်ခင် **စည်းမျဉ်းချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ ကိစ္စရပ်များအတွက် အသိသညာအခြေခံ** နှင့် ***ချွင်းချက်*** ဆိုသည့် ခေါင်းစဉ်ခွဲများအရ ဖော်ပြထားသည့်အတိုင်းခရိုင်ပညာရေး ဌာနက သင့်ကလေးသည် မသန်စွမ်းမှုတစ်ရပ်ရှိနေသည့် ကလေး ဖြစ်ကြောင်း မသိရှိထားလျှင် အလားတူ အမူအကျင့်များကို ပြုလုပ်ခဲ့သော မသန်စွမ်းမှုမရှိသည့် ကလေးများကို လုပ်ဆောင်သော ပြစ်ဒဏ်ပေးရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များအတိုင်း ရင်ဆိုင်စေမည်ဖြစ်သည်။

သို့ သော်လည်း သင့်ကလေးအား ပြစ်ဒဏ်ပေးရေးဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်များကို ရင်မဆိုင်စေမည့် အချိန်ကာလအတွင်း သင့်ကလေးအား အကဲဖြတ်မှုကို လုပ်ဆောင်ပေးရန် တောင်းဆိုသည့်အခါ အကဲဖြတ်မှုကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ရမည်။

အကဲဖြတ်မှုအား အပြီးသတ်လုပ်ဆောင်ပြီးသည့်တိုင် ကျောင်းအာဏာပိုင်များမှ ဆုံးဖြတ်ထားသည့် ပညာသင်ကြားရေးနဲ့ ပတ်သက်သည့် အတန်းနေရာချထားမှုတွင် သင့်ကလေးသည် ဆက်လက်တက်ရောက်ရမည်ဖြစ်သည်။ယင်းတွင် ပညာရေး ဝန်ဆောင်မှုများ မပေးပဲ ကျောင်းတက်ကာလအား ရပ်ဆိုင်းထားမှု သို့မ ဟုတ် ကျောင်းထုတ်ခြင်းတို့ လည်း ပါဝင်နိုင်သည်။

ခရိုင်ပညာရေးဌာနမှ လုပ်ဆောင်သော အကဲဖြတ်မှုမှ ရရှိသော အချက်အလက်များ ကို ထည့်သွင်းစဉ်းစားပြီး သင့်ကလေးအား မသန်စွမ်းမှုတစ်ခုရှိနေသည့် ကလေး တစ်ယောက်အဖြစ် ဆုံးဖြတ်ထားပါက ခရိုင်ပညာရေးဌာနသည် IDEA အပိုင်း ခ အရ အထက်တွင် ဖော်ပြထားသော စည်းကမ်းချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေး ခြင်းဆိုင်ရာ သတ်မှတ်ချက်များ အပါအဝင် အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ပေးအပ်ရမည်။

## ဥပဒေတည်စေရေးနှင့် တရားစီရင်ရေး အာဏာပိုင်များသို့ လွှဲပြောင်းခြင်းနှင့်၄င်းတို့ မှ အရေးယူဆောင်ရွက်ခြင်း
## 34 CFR §300.535

IDEA အပိုင်း ခ သည် :

1. မသန်စွမ်းမှုတစ်ခုရှိနေသည့် ကလေးတစ်ယောက်က ကျူးလွန်လိုက်သော မှုခင်းတစ်ရပ်အကြောင်းကို အေဂျင်စီတစ်ခုမှ သင့်တော်ရာ အာဏာပိုင်များထံသို့ သတင်းပေးပို့ရန် တားမြစ်ကန့် သတ်မထားပါ။ <u>**သို့မဟုတ်**</u>
2. မသန်းစွမ်းမှုတစ်ခု ရှိနေသည့် ကလေးတစ်ယောက်က ကျူးလွန်လိုက်သော မှုခင်းများအတွက် ဥပဒေတည်စေရေးနှင့် တရားစီရင်ရေး အာဏာပိုင်များအား ဖက်ဒရယ် နှင့် ပြည်နယ် ဥပဒေကို အသုံးချရေးနှင့် ပတ်သက်ပြီး ၄င်းတို့ ၏ တာဝန်ဝတ္တရားများ လုပ်ဆောင်ပိုင်ခွင့်ကို မတားဆီးထားပါ။

### မှတ်တမ်းများ လွှဲပြောင်းခြင်း

ခရိုင်ပညာရေးဌာနသည် မသန်စွမ်းမှုတစ်ခု ရှိနေသော ကလေးတစ်ယောက်က ကျူးလွန်ခဲ့သော မှုခင်းများအကြောင်း သတင်းပို့ ပါက ခရိုင်ပညာရေးဌာနသည် -

1. အေဂျင်စီက မှုခင်းတစ်ရပ်အကြောင်းကို သတင်းပေးပို့ လိုက်သည့် ဆိုင်ရာအာဏာပိုင်များမှ စဉ်းစားသုံးသပ်ရေးအတွက် ကလေး၏ အထူးပညာရေး နှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ မှတ်တမ်းများ၏ မိတ္တူများကို အသေအချာ လွှဲပြောင်းပေးရမည်၊ <u>**နှင့်**</u>
2. **ကလေး၏ အထူးပညာရေး နှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာမှတ်တမ်းများ၏ မိတ္တူများ ကို မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးမှတ်တမ်းများ လျှို့ ဝှက်ကာကွယ်ရေး အက်ဥပဒေ (FERPA) မှ ခွင့်ပြုထားသည့် ပမာဏအတိုင်းသာ လွှဲပြောင်းပေးရမည်။**

# ကလေးမိဘများဘက်မှဆန္ဒအရ သီးသန့် အတန်းနေရာချထားပေးရန် လိုအပ်ချက်များ

## အထွေထွေ
## 34 CFR §300.148

အကယ်၍ ခရိုင်ပညာရေးဌာနသည် သင့်လျော်သည့် အခမဲ့ ပညာသင်ကြားရေး (FAPE) အား သင့်ကလေးရရှိနိုင်အောင် ဆောင်ရွက်ထားပေးပါလျှက် သင်က သင့်ကလေးအား ပုဂ္ဂလိကကျောင်းတစ်ကျောင်းတွင် ထားရန် ရွေးချယ်ခဲ့ပါက IDEA အပိုင်း ခ အရ ခရိုင်ပညာရေးဌာနသည် မသန်စွမ်းမှုရှိနေသော သင့်ကလေး တက်မည့် ယင်းပုဂ္ဂလိကကျောင်းတွင် ပေးသော အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ပါဝင်သော ပညာရေးအတွက် ခရိုင်ပညာရေးဌာနသည် ငွေပေးရန် မလိုအပ်ပါ။ သို့ရာတွင် 34 CFR 300.131 မှ 300.144 အရ မိဘများက ပုဂ္ဂလိကကျောင်းတွင် ထားထားသော ကလေးများအတွက် သင့်ကလေးတက်နေသော ပုဂ္ဂလိကကျောင်းတည်ရှိရာ ဒေသပိုင် ခရိုင်ပညာရေးဌာနသည် သင့်ကလေးအား လိုအပ်မှုများရှိနေသော အုပ်စုထဲတွင် ထည့်ထားရမည်ဖြစ်ပြီး ယင်းလိုအပ်ချက်များကိုလည်း အပိုင်း ခ ၏ သတ်မှတ်ချက်များအရ ဖြေရှင်းရမည်။

### ပုဂ္ဂလိကကျောင်းတွင်တက်ရန်နစ်နာကြေးပေးခြင်း

အကယ်၍ သင့်ကလေးသည် ခရိုင်ပညာရေးဌာန၏ လုပ်ပိုင်ခွင့်အောက်တွင် အထူးပညာသင်ကြားရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ယခင်က ရယူခဲ့ပြီး သင့်ကလေးအား ပုဂ္ဂလိကပိုင် မူကြိုကျောင်း၊ မူလတန်းကျောင်း သို့ မဟုတ် အလည်တန်းကျောင်း တွင် ခရိုင်ပညာရေးဌာန၏ သဘောတူညီချက် သို့မဟုတ် လွှဲပြောင်းပေးမှုမပါပဲ အပ်နှံရန် သင်ရွေးချယ်ပါက အေဂျင်စီသည် ပုဂ္ဂလိကကျောင်းတွင်အပ်နှံမှုမတိုင်ခင် သင့်ကလေးအား သင့်လျော်သည် အခမဲ့ အစိုးရပညာရေး (FAPE) ကို ရရှိနိုင်ရန် ပေးသင့်ပေးထိုက်သည့်အချိန်တွင် စီစဉ်ပေးမထားကြောင်း ယင်းကျောင်းအပ်မှုနှင့်မတိုင်ခင် တွေ့ ရှိခဲ့ ပြီး ယင်းပုဂ္ဂလိကကျောင်းတွင် အတန်းနေရာချထားသည်မှာ သင့်လျော်ကြောင်း တွေ့ ရှိခဲ့ပါက တရားရုံး သို့ မဟုတ် ကြားနာဖြေရှင်းရေးအရာရှိသည် သင့်ကလေးအား ပုဂ္ဂလိကကျောင်းတွက် အပ်နှံခံသော စရိတ်စကများကို အေဂျင်စီမှ သင့်ထံသို့ နစ်နာကြေးပေးရန် စေခိုင်းရမည်။
ယင်းကဲ့ သို့ အတန်းနေရာချထားမှုသည် ပြည်နယ် ပညာရေး အေဂျင်စီ နှင့် ခရိုင်ပညာရေးဌာနများမှ ထောက်ပံ့သော ပညာရေးနှင့် အကျုံးဝင်သည့် ပြည်နယ် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပင်လျှင် ကြားနာဖြေရှင်းရေး အရာရှိ သို့ မဟုတ် တရားရုံးမှ သင့်၏ ပုဂ္ဂလိကကျောင်းတွင် အတန်းနေရာချထားပေးမှုအား သင့်တော်သည်ဟု သတ်မှတ်ရမည်။

**နစ်နာကြေး၏ အကန့် အသတ် သတ်မှတ်ချက်**

အထက်ပါ စာပိုဒ်များတွင် ဖော်ပြထားသည့် နစ်နာကြေးအတွက် စရိတ်စကများကို အောက်ပါအခြေအနေများတွင် လျှော့ နိုင် သို့ မဟုတ် မပေးရန် ငြင်းဆန်နိုင်သည်။

1. (က) အစိုးရကျောင်းမှ သင့်ကလေးအား မထုတ်ပယ်ခင် သင်တက်ရောက်ခဲ့သော တစ်ဦးချင်းအလိုက် ပညာသင်ကြားရေး အစီအစဉ်(IEP) ဆိုင်ရာ အနီးစပ်ဆုံးသော အစည်းအဝေးတွင် သင့် ပူပန်မှုများနှင့် အစိုးရစရိတ်ဖြင့် သင့်ကလေးအား ပုဂ္ဂလိကကျောင်းတွင် အပ်နှံရန် သင့်စိတ်ကူးကို ဖော်ပြပြီး သင့်ကလေးအား သင့်လျော်သည့် အခမဲ့ အစိုးရပညာရေး (FAPE) ကိုပေးအပ်ရန် ခရိုင်ပညာရေးဌာနမှ ကမ်းလှမ်းထားသော အတန်းနေရာချထားမှုကို သင်ငြင်းပယ်ကြောင်း IEP အဖွဲ့ အား အကြောင်းမကြားခဲ့ပါက သို့ မဟုတ် (ခ) အစိုးရကျောင်းမှ သင့်ကလေးအား မထုတ်ပယ်မီ အနည်းဆုံး ရုံးဖွင့်ရက် 10 ရက်အတွင်း(ရုံးဖွင့်ရက်တွင် ကျရောက်သော မည်သည့် ရုံးပိတ် ရက်မဆို အပါအဝင်) သင်သည် ခရိုင်ပညာရေးဌာနအား ယင်းအချက်အလက်နှင့်စပ်လျဉ်းပြီး ရေးသား အသိပေးစာအား မပေးပို့ ခဲ့လျှင်၊
2. သင့်ကလေးအား အစိုးရကျောင်းမှ မထုတ်ပယ်ခင် ခရိုင်ပညာရေးဌာနမှ သင့်ကလေးအား အကဲဖြတ်ရန် ၎င်းစိတ်ကူးကို အသိပေးသည့် ကြိုတင်အသိပေးရေးသားစာအား သင့်ထံသို့ ပို့ ခဲ့သော်လည်း (အကဲဖြတ်မှု၏ သင့်တော်ပြီး အကျိုးအကြောင်းသင့်သည့်ရည်ရွယ်ချက်အား ဖော်ပြမှုအပါအဝင်) သင်သည် ကလေးအား အကဲဖြတ်မှုလုပ်ဆောင်နိုင်ရန် မစီစဉ်ပေး **သို့မဟုတ်** ခဲ့ပါက
3. တရားရုံးတော်က သင့်လုပ်ဆောင်ချက်များသည် အကျိုးကြောင်း မဆီလျော်ဟု ရှာဖွေတွေ့ ရှိခဲ့လျှင်။

သို့ သော်လည်း နစ်နာကြေး၏ စရိတ်စကို -

1. (က) အကယ်၍ ကျောင်းက သင့်ကို အသိပေးစာ ပေးပို့ ရန် တားဆီးခဲ့လျှင်၊ (ခ) အထက်တွင်ဖော်ပြထားသည့်အတိုင်း သင်သည် အသိပေးစာ ပေးပို့ ရန် သင့်ဝတ္တရားအကြောင်း အသိပေးစာကို မရရှိခဲ့ပါက သို့ မဟုတ် (ဂ) အထက်ပါ သတ်မှတ်ချက်များအား လိုက်နာခြင်းသည် သင့်ကလေးအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဖြစ်ပေါ် စေပါက မလျှော့ချ သို့ မဟုတ် ပေးအပ်ရန် မငြင်းပယ်ရပါ။ **နှင့်**
2. (က) မိဘသည် စာမတတ် သို့ မဟုတ် အင်္ဂလိပ်လို မရေးနိုင်ပါက သို့ မဟုတ် (ခ) အထက်ပါ သတ်မှတ်ချက်ကို လိုက်နာခြင်းသည် သင့်ကလေးအား ပြင်းထန်သော စိတ်ခံစားချက်ဆိုင်ရာ ထိခိုက်မှုကို ဖြစ်ပေါ် စေပါက တရားရုံးတော် သို့ မဟုတ် ကြားနာဖြေရှင်းရေး အရာရှိ၏ သဘောအရ မလျှော့ချ သို့ ဟုတ် ပေးအပ်ရန် မငြင်းပယ်ရပါ။

သင့်၏ လုပ်ထုံးလုပ်နည်းအရ ဖြစ်သော အကာအကွယ်များအကြောင်း နောက်ထပ် အချက်အလက်များကို အောက်ပါတို့ မှ ရရှိနိုင်သည်။

**Missouri အခြေခံပညာမူလတန်းနှင့်အထက်တန်းပညာရေး ဌာန**
**စည်းမျဉ်းစည်းကမ်းများလိုက်နာရေး ရုံးခွဲ**
Phone: 573-751-0699
ဖက်စ် : 573-526-5946
TDD: 1-800-735-2966

**Missouri မိဘများ အက်ဥပဒေ (MPACT)**
ဖုန်း : 816-531-7070
ဖက်စ် : 816-531-4777
TDD/အသံ : 1-800-743-7634

2009 ခုနှစ် ဩဂုတ်လ
**Missouri အခြေခံပညာမူလတန်းနှင့်အထက်တန်းပညာရေး ဌာန**

*အခြေခံပညာမူလတန်းနှင့် အထက်တန်းပညာရေး ဌာနသည် ၎င်း၏ အစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် လူမျိုး၊အသားအရောင်၊ မူလနိုင်ငံသား၊ လိင်၊ မသန်းစွမ်းမှု သို့ မဟုတ် အသက်အရွယ်များအပေါ် လိုက်ပြီး ခွဲခြားဆက်ဆံမှုမရှိပါ။ မသန်စွမ်းသူများ ရရှိနိုင်သော ဝန်ဆောင်မှုများ၊ လုပ်ငန်းစဉ်များ နှင့် အခြေခံ ဝန်ဆောင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများ တည်နေရာ နှင့် ဌာန၏ အစီအစဉ်များနှင့် စပ်လျဉ်းသည့် စုံစမ်းမှုများကို Jefferson ပြည်နယ်ရုံးဌာန အဆောက်အဦး, နိုင်ငံသားများ အခွင့်အရေးများအား လိုက်နာပေးအပ်ရာ (ခေါင်းစဉ် VI/ခေါင်းစဉ် IX/504/ADA/Age Act), 5th လွှာ, 205 Jefferson လမ်း, Jefferson City, MO 65102-0480; ဖုန်းနံပါတ် 573-526-4757 or သတင်းလက်ခံပြန်ကြားရေး Missouri 800-735-2966.*